မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၂၇)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ

ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ချုံတူးသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)** *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ချူကုန်းဖုန်သည် ယနေ့နံနက် ၁၀နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ *စာမျက်နှာ ၃ ကော်လံ ၄* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချူကုန်းဖုန်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်)

ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ်အောင်မြင်ရေး မျိုးကောင်းမျိုးသန့်သီးနှံများ တိုးချဲ့ရွေးချယ်စိုက်ပျိုးပေး

မျက်မှောက်ကမ္ဘာတွင် သိပ္ပံနှင့်နည်းပညာများ ထွန်းကားသည်နှင့်အမျှ နယ်ပယ်ကဏ္ဍအသီးသီး၌ သိပ္ပံနှင့်နည်းပညာများ နေရာယူထားပြီ ဖြစ်သည်။

ယခုအခါ လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍လည်း စိုက်ပျိုးရေးသုတေသီများသည် မျိုးကောင်းမျိုးသန့်များ ဆက်စပ်ရှာဖွေဖော်ထုတ်ခြင်း၊ စိုက်စနစ်များတိုးတက်အောင် သုတေသနပြု ရှာဖွေဆောင်ရွက်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျ အချိုးကျသုံးစွဲခြင်းတို့ဖြင့် နည်းပညာနှင့်ယှဉ်သော စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလျက်ရှိရာ၌ ခေတ်မီလယ်ယာစနစ်ခေါ် စံပြလယ်ယာစနစ်ကို ဦးတည်ဖော်ဆောင်လျက် ရှိသည်။

ခေတ်မီလယ်ယာစနစ်ကို အကောင်အထည်ဖော်ရာ၌ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရေးသည် အဓိကကျသည့်အကြောင်းအချက် ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်းအတွက် မျိုးကောင်းမျိုး၊ ပြောင်းလဲစိုက်ပျိုးရေးစနစ်များ စတင်အကောင်အထည်ဖော်လျက်ရှိရာ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များကို နေပြည်တော်ပျဉ်းမနားရှိ စိုက်ပျိုးရေးသုတေသန(ရေဆင်း)မှ သုတေသနပြု ထုတ်လုပ်ပေးလျက်ရှိသည်။

သုတေသနပြု ထုတ်လုပ်ပေးသော စပါးမျိုးမှာ သုခရင်၊ ဆင်းသွယ်ရင်၊ ဆင်းနွယ်ရင်၊ ဆင်းသုခ၊ ရတနာတိုးနှင့် ရေဆင်းယာ(၉)တို့ဖြစ်သည်။ ယင်းစပါးမျိုးများသည် တစ်ဧက တင်းတစ်ရာကျော် ထွက်ရှိသည့် စပါးမျိုးကောင်းမျိုးသန့်ဖြစ်သည်။ စပါးတွင်လည်း ရေနည်းနည်းနှင့်စိုက်နိုင်သည့် စပါး၊ ရေငန်၌ စိုက်နိုင်သည့် စပါးဟူ၍ရှိရာ တောင်သူများသည် မိမိဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်စပါးကို စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်း ရရှိနိုင်မည် ဖြစ်သည်။

သုတေသနပြုလျက်ရှိသည့် အခြားသီးနှံများမှာ မြေပဲ၊ နှမ်းနှင့် ပဲမျိုးစုံတို့ဖြစ်သည်။ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ကြံ၊ ဝါ၊ ဂုန်လျှော်နှင့် ခြိစည်းရိုးကြက်ဆူတို့ကိုလည်း သုတေသနပြု ထုတ်လုပ်လျက်ရှိရာ တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းသည့် သီးနှံများကို မျိုးပြောင်းလဲ စိုက်ပျိုးကြခြင်းဖြင့် အထွက်နှုန်းကောင်းမွန်မည် ဖြစ်သည်။

သို့ဖြစ်ပေရာ ခေတ်မီလယ်ယာစနစ်ခေါ် စံပြလယ်ယာစနစ်ကို အကောင်အထည်ဖော်ရာ၌ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်မှုသည် အဓိကဖြစ်ပြီး တောင်သူများသည် သီးနှံများ မျိုးကောင်းရရှိရန် အထွက်နှုန်းကောင်းရန်အတွက် သုတေသနပြု ထုတ်လုပ်ထားသော သီးနှံတို့ကို ရွေးချယ်စိုက်ပျိုးပါက တစ်ဦးချင်းဝင်ငွေတိုးပြီး နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ထုတ်ကုန်များကို ဖြည့်စွမ်းပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ခန္တာဉာဏ်ရောက် ဒိဋ္ဌိပြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၇:၅၀-၁:၅၀	Industrial Talk [ဒေါက်တာသန်းထိုက်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈:၁၀-၂:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၀-၂:၄၀	ချမ်းမြေ့ပျော်ရွှင် နှန်းမြင့်မျှော်စင်
၈:၅၅-၂:၅၅	တေးဂီတအစီအစဉ်
၉:၀၀-၃:၀၀	Activities in the City (သုဝဏ္ဏအထက အာစရိယပူဇော်ပွဲ)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	Midweek Sports News
၉:၄၀-၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	လူငယ်သိပ္ပံပွဲတော်
၁၀:၁၀-၄:၁၀	Music Talk တေးသစ်တေးဟောင်း အကြောင်းအစုံစုံ (မိဘမေတ္တာ)
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	Own Creative Fashion
၁၀:၄၀-၄:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅-၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	၂၀၀၇ခုနှစ် အကယ်ဒမီပေးပွဲ အကြိုပြင်ဆင်နေမှုများ
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	စားချင်စဖွယ် နည်းအသွယ်သွယ်
၁၁:၅၀-၅:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅-၅:၅၅	ကင်ဆာရောဂါသတိပြုစရာ (ဒေါက်တာသီတာစန်း)
၁၂:၂၀-၆:၂၀	Myanmar Video Rhythm
၁၂:၅၀-၆:၅၀	သီးနှံစိုက်ပျိုးအထွက်တိုး ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၄-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (သမိုင်း)
၄:၅၀	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၅။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၁၈)
၆:၄၅	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၄၉)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဖြေလိုက်ပါ
	၂၂။	ICT သုတ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၂၂)

စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်း စက်ရုံများ ကြည့်ရှုစစ်ဆေး ကုန်ထုတ်လုပ်မှုရည်မှန်းချက် အောင်မြင်အောင်ကြိုးပမ်းရေး မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါကြိတ်စက်ရုံ(စစ်ကိုင်း)သို့ ရောက်ရှိပြီး ဝါကြိတ်ခွဲနေမှုနှင့် ဝါသိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း စစ်ကိုင်း အထည်ချုပ်စက်ရုံ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း အသင့်စားခေါက်ဆွဲစက်ရုံ(စစ်ကိုင်း)နှင့် စစ်ကိုင်း အမှတ်(၁)ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံတို့၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စစ်ကိုင်းဝါမျိုးသန့်ခြံ၌ ဖွင့်လှစ်ထားသော ငွေချည်(၆) ချည်မျှင်ရှည်ဝါ အဝယ်ဒိုင်(**အပေါ်ပုံ**)နှင့် မြန်မာ့အထည်အလိပ်လုပ်ငန်း စစ်ကိုင်း ချည်မျှင်နှင့်အထည်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လုပ်မှုရည်မှန်းချက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ဟုမ္မလင်း၌ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်း

ဟုမ္မလင်း ဖေဖော်ဝါရီ ၃

ဟုမ္မလင်းမြို့နယ် ထွက်ဝကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဇန်နဝါရီ ၆ရက် မွန်းလွဲ ၂ နာရီက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ (၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင် ၅၀၊ မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က စာအုပ်မျိုးစုံ ၃၀ ပေးအပ်လှူဒါန်းရာ အုပ်စုဥက္ကဋ္ဌ ဦးခင်သူက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းကုန်း ထွေ/အုပ်ဦးစီးဌာန ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

ကျောင်းကုန်း ဖေဖော်ဝါရီ ၃

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ရေဝတီတိုင်း ကျောင်းကုန်း မြို့နယ် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ထောက်ပံ့ငွေ ပေးအပ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၅၃၀၀၀၀ ကို ပေးအပ်ကြောင်း သိရသည်။

(အောက်ပုံ) (၁၅၄)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ ချဲတူးအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ချူကုန်းဖုန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ကုန်သွယ်မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးအတွက် တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့တို့ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ တွေ့ဆုံ၍ ကုန်ပစ္စည်းလုပ်ငန်းအလိုက် တွေ့ဆုံပွဲတစ်ရပ်ကျင်းပရန် စီစဉ်လျက်ရှိသည်။

ဆောင်ရွက်ပေးသွားမည်

အဆိုပါတွေ့ဆုံပွဲသို့ လျှပ်စစ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ လယ်ယာလုပ်ငန်းသုံးပစ္စည်း၊ ဆေးဝါးပစ္စည်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလှကုန်ပစ္စည်း၊ သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများ၊ ထုပ်ပိုးပစ္စည်း၊ လက်ဆောင်နှင့်အလှဆင်ပစ္စည်း၊ စာရေးကိရိယာပစ္စည်း၊ အားကစားဆိုင်ရာပစ္စည်း၊ လက်ကိုင်အိတ်၊ ဖိနပ်နှင့် သားရေထည်ပစ္စည်း၊ နိုင်လွန်ကြိုးနှင့် ပိုက်ဆက်ပစ္စည်း စသည့် ပစ္စည်းဆိုင်ရာ ကုမ္ပဏီ ၁၆ခုတို့မှ ထိုင်းစီးပွားရေး လုပ်ငန်းရှင်များ နမူနာပစ္စည်းများနှင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ မြန်မာစီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း မိမိတို့ ပြန်လည်တင်ပို့ရောင်းချလိုသည့် ကုန်ပစ္စည်းများကို ပြသဆွေးနွေးရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ယင်းတွေ့ဆုံပွဲသို့ ပါဝင်တက်ရောက်ရန် စိတ်ဝင်စားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဆက်သွယ်ပြီး ဖေဖော်ဝါရီ ၆ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းကြရန်ဖြစ်သည်။ အသေးစိတ်သိလိုပါက UMFCCI, IRD ဌာနနှင့် ဆက်သွယ်၍သော်လည်းကောင်း၊ ဖုန်း - ၂၁၄၃၄၄ - ၄၉၊ Ext: ၂၀၃ သို့ ဆက်သွယ်၍သော်လည်းကောင်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၄-၂-၂၀၀၉ ရက်

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀ ၆။ **မြို့ကြီးသားယဉ်ကျေးမှု** လျှမ်းထက်၊ ဖိုးချစ်၊ ပုလဲဝင်း၊ နန်းဆုရတီစိုး၊ စုချစ်ဇော် (ဒါရိုက်တာ-ဇော်လူထက်)
၈း၁၀ ၇။ မျိုးမျိုးကြွကြွယဉ်ကျေးမှုအက
၈း၂၀ ၈။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ **စီးဆင်းပါစေမေတ္တာရည်** မေကဗျာ၊ ဖူးဖူး ဒါရိုက်တာ-ခင်ဇော်(ကုမုဒြာ)
၄း၃၀ ၄။ သီချင်းကြီးပဒေသာ
၄း၄၀ ၅။ တေးဂီတအစီအစဉ်
၄း၅၀ ၆။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၀၀ ၇။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(သမိုင်းဘာသာရပ်)
၅း၂၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၅ ၉။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၅ ၁၀။ **ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရှင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ** (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၅၀ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၂၀ ၁၅။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာရုပ်ရှင် **သိပ်ချစ်နေပြီ** ရဲအောင်၊ တင့်တင့်ထွန်း (ဒါရိုက်တာ-မောင်ရှိန်း)
၂၀။ အစီအစဉ်ပြီး၏။

4-2 (03).pmd 1 2/4/2009, 3:17 AM

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အထွက်ကောင်းသည့် ဆင်းသွယ်ရင်၊ ဆင်းသွယ်လတ်မျိုးကို စိုက်ပျိုး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရန် ရေသွင်းမြောင်းများတွင် ငါးများမွေးမြူ တောင်သူများအား ခေတ်မီစနစ်ကျသည့် စိုက်ပျိုးနည်းစနစ်များ ပို့ချပေး

ရန်ကုန် ဖေဖော်ဝါရီ ၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ခေတ်မီလယ်ယာစိုက်ပျိုးရေး (စံပြလယ်ယာစနစ်) အထူးဇုန်လုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၈ နာရီခွဲတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ခေတ်မီလယ်ယာစိုက်ပျိုးရေး အထူးဇုန်(၁) အကွက်အမှတ်(၁)သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ၊ ရွှေနဂါးမင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အထူးဇုန်အတွင်း ခေတ်မီလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ခေတ်မီ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က စပါးစိုက်ပျိုးရာတွင် အထွက်ကောင်းပြီး စားသုံးရာတွင် ကောင်းမွန်သည့် ဆင်းသွယ်ရင်နှင့် ဆင်းသွယ်လတ် စပါးမျိုးကိုသာ စိုက်ပျိုးရန်၊ ရေသွင်းမြောင်းများတွင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရေးအတွက် ငါးများ မွေးမြူသွားရန်၊ အထူးဇုန်ရှိ တာပေါင်များပေါ်၌ ဟင်းသီးဟင်းရွက်များပါ စိုက်ပျိုးထုတ်လုပ်ရေး၊ မျိုးစေ့ထုတ်လုပ်ရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် လက်တွေ့ စိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူများအား ခေတ်မီ စနစ်တကျ စိုက်ပျိုးနည်းစနစ် သင်တန်းပို့ချရေး ဆောင်ရွက်ရန်နှင့် စံပြစိုက်ကွင်းကြီးအဖြစ် အောင်မြင်ဖြစ်ထွန်းလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးဇုန်(၁) အကွက်အမှတ်(၁)ရှိ ပင်မမြေပေါ်မြောင်း၊ ရေသွင်းမြောင်းနှင့် ရေပေးမြောင်းများ ဖောက်လုပ်ပြီးစီးမှု၊ နွေစပါးများ ရေသွင်းစိုက်ပျိုးနေမှုနှင့် စက်ယန္တရားများအသုံးပြု၍ မြေယာပြုပြင်ထွန်ယက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မြေကွက်များဖော်ထုတ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးဇုန်(၁) အကွက်အမှတ်(၃)၌ ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ နွေစပါး ၁၂၅၀ဧက စိုက်ပျိုးပြီးစီးမှုနှင့် ထွန်ယက်ပြုပြင်ပြီးဖြစ်သည့် လယ်မြေဧက ၃၅၀ ၌ စိုက်ပျိုးမြေကွက်များ ဖော်ထုတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

* *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထူးဇုန် အမှတ်(၂)သို့ ရောက်ရှိရာ ရွှေနဂါးမင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းမြင့်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အထူးဇုန် အမှတ်(၂)အတွင်း လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူပြီးစီးမှုနှင့် ဓာတ်ကြိုးများ သွယ်တန်းပြီးစီးမှု၊ Pump House များ ဆောက်လုပ်ပြီးစီးမှုနှင့် လျှပ်စစ်ရေတင်လုပ်ငန်း စီစဉ်ဆောင်ရွက်နေမှု၊ မြေပေါ်မြောင်း ဖောက်လုပ်နေမှုနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ အထူးဇုန် အမှတ်(၂) အကွက်အမှတ်(၆)၌ Green Asia ကုမ္ပဏီလီမိတက်က ဆောင်ရွက်နေသည့် နွေစပါးပျိုးခင်း၊ ကုန်ထုတ်လမ်းနှင့် ရေသွယ်မြောင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများ၊ အကွက်အမှတ်(၉)၌ ပင်လယ်ကိုးသွယ်ကုမ္ပဏီလီမိတက်က ဆောင်ရွက်နေသည့် ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်းနှင့် မြေပေါ်မြောင်း ဖောက်လုပ်ပြီးစီးမှု၊ ခေတ်မီစက်ယန္တရားများဖြင့် မြေယာထွန်ယက်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားကာ မွန်းလွဲပိုင်းတွင် ခေတ်မီလယ်ယာစိုက်ပျိုးရေး အထူးဇုန်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေတ်မီလယ်ယာစိုက်ပျိုးရေး (စံပြလယ်ယာစနစ်) အထူးဇုန် အမှတ်(၂) အကွက်အမှတ်(၉)၌ ပင်လယ်ကိုးသွယ် ကုမ္ပဏီလီမိတက်က ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်းနှင့် မြေပေါ်မြောင်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် တည်ထားပူဇော်ခြင်းနှင့် စပ်လျဉ်း၍ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း မင်္ဂလာအခမ်းအနားကျင်းပ

ဥပ္ပါတသန္တိ စေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများ ဥပ္ပါတသန္တိ စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထည့်သွင်းပူဇော်မည့် ဌာပနာပစ္စည်းများကို ကြည့်ရှုကြည်ညိုကြရာ ဥပ္ပါတသန္တိ စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ရှင်းလင်းလျှောက်ထားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၃

ဥပ္ပါတသန္တိစေတီတော်တည်ထားပူဇော်ခြင်းနှင့်စပ်လျဉ်း၍ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ၂နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ရင်ပြင်တော်ရှိ ဓမ္မာရုံ၌ကျင်းပရာ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်း ငွေတောင်တောရကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီ အမှူးပြုသော ဩဝါဒါစရိယ ဆရာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

သီလခံယူဆောက်တည်

ထို့နောက် ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်း ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီထံမှ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး အမှူးပြုသော ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ဥပ္ပါတသန္တိစေတီတော်တည်ထားပူဇော်ခြင်းနှင့် စပ်လျဉ်း၍ ဩဝါဒါစရိယဆရာတော်ကြီးများအား ရှင်းလင်းလျှောက်ထား ဩဝါဒခံယူသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက စေတီတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြီးစီးမှုများကို လျှောက်ထားဩဝါဒခံယူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စေတီတော်နှင့်စပ်လျဉ်းသည့် သာသနာရေးဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကို လျှောက်ထား ဩဝါဒခံယူသည်။

ဆက်လက်၍ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးက စေတီတော် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းလျှောက်ထား ဩဝါဒခံယူသည်။

ဩဝါဒကထာ နာယူ

ထို့နောက် ဥပ္ပါတ သန္တိစေတီတော် တည်ဆောက်ရေး ဩဝါဒါစရိယ နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်တို့သည် ဥပ္ပါတသန္တိစေတီတော် တည်ထားပူဇော်ခြင်းနှင့် စပ်လျဉ်း၍ ဩဝါဒကထာ နာယူကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များဦးဆောင်၍ အတွင်းရေးမှူး(၁)နှင့် ပရိသတ်တို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် စေတီတော်တည်ဆောက်ရေးဩဝါဒါစရိယဆရာတော်ကြီးများသည် ဥပ္ပါတသန္တိစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထည့်သွင်းပူဇော်မည့် ဌာပနာပစ္စည်းများကို ကြည့်ရှုကြည်ညိုကြရာ အတွင်းရေးမှူး(၁)က ရှင်းလင်း လျှောက်ထားသည်။

ကြည့်ရှုကြည်ညို

ထို့နောက် စေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများသည် စေတီတော်လိုဏ်အတွင်းနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု ကြည်ညိုကြရာ အတွင်းရေးမှူး(၁)က ရှင်းလင်းလျှောက်ထားသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း သီရိလင်္ကာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ၄ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

စိတ်ပညာမိသားစု ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမိသားစုက ဦးစီး၍ အသက်(၆၅)နှစ်အထက် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် စိတ်ပညာ မိသားစုတွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၈ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်း Panda Hotel မင်္ဂလာခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကျင်းပရေးအဖွဲ့ဝင်များဖြစ်ကြသော ဦးသစ်လွင် ဖုန်း-၅၃၆၀၇၊ ဦးကျော်ခိုင် ဖုန်း-၂၄၆၁၄၂၊ ဦးစောဝေ ဖုန်း- ၅၁၂၇၁၄၊ ဦးတင်ကိုကို ဖုန်း- ၂၄၃၁၅၁၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁-၄၃၁၇၆၊ ဦးအောင်သန်းဦး တွဲဖက်ပါမောက္ခ(စိတ်ပညာဌာန) ဖုန်း-၅၃၇၃၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း | မိုးလေဝသ ခန့်မှန်းချက် | သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးတွင်အအေးပိုမြဲ၊ လွိုင်လင်၊ နမ့်စန်၊ ပင်လောင်းနှင့်အမ်းတို့၌အေးဆဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

ဖေဖော်ဝါရီ ၄ ရက် (ယနေ့) **ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။**

ဖေဖော်ဝါရီ ၄ ရက် **(ယနေ့)** နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တို့တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၃ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကိုဖော်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ည အပူချိန်များမှာ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၃ ဒီဂရီ စင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် အမ်းမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

လှိုင်းအသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

နေပြည်တော် မြန်မာ့အသံ

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

(၅-၂-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (မင်္ဂလသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိ အသိရှိစေဖို့ (လုံ့လဝီရိယ)
၀၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ညွှန်းဖွဲ့သီရေး (နွဲ့ယဉ်ဝင်း)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (လူနေမှုတိုးတက်ရေး ဖြစ်စဉ်သမိုင်းကြောင်း- အပိုင်း-၁)
၁၁း၄၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ယာဂုထမနဲ တပို့တွဲ)
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး (လူတော်လူကောင်း)
၁၆း၃၀ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (အင်္ဂလိပ်စာ)
၁၇း၀၀ အလုပ်အကိုင်အခွင့်အလမ်း (စာရင်းစစ်)
၁၇း၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (မြတ်ဆရာ)
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၀၅ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ငွေရှင်အောင် ရွှေချဉ်ပေါင်စိုက်)
၁၈း၄၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၃၀ သုတစုံစွာသိမှတ်စရာ (ရွှေ)
၂၀း၅၀ သူ့လက်စွမ်းပြသုခမ (စန္ဒရားချစ်ဆွေ)
၂၀း၀၀ ရေဒီယိုအတိတ်တေးအရိပ်
၂၀း၁၀ ပြည်တွင်းသတင်း ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀ ဆောင်းပါး(ညီညွတ်စေသောတရား) စီးပွားရေးဦးတည်ချက်
၂၁း၁၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကြိုးပမ်းတည်ဆောက်လျက်ရှိ

ဥပဒေပြင်ပ၌ရှိနေသေးသည့် လက်နက်ကိုင်အဖွဲ့များအတွက် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထား

တည်ငြိမ်အေးချမ်းစွာဖြင့် ဒီမိုကရေစီကူးပြောင်းရေး ပြည်သူများလိုလားနေကြ

ပြည်သူများ၏ဆန္ဒကို ဖြည့်ဆည်းနိုင်ရန် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဖော်ဆောင်ပေးနေ

ပြည်သူများအတည်ပြုထားသည့် အခြေခံဥပဒေအရ ပြည်သူ့ကိုယ်စားဆောင်ရွက်နေတာဖြစ်

ဆောင်ရွက်မှုများအပေါ် ပျက်ပြားထိခိုက်အောင် ကြိုးပမ်းလာမှုမှန်သမျှ လက်မခံနိုင်

ဖွဲ့စည်းပုံအခြေခံဥပဒေ ပျက်ပြားအောင်ကြိုးပမ်းလာမှုများကို ဆန့်ကျင်ဖယ်ရှားသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambariတို့သည် ဖေဖော်ဝါရီ ၁ရက် နံနက် ၈နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ငါးထပ်ဆောင်ညှေ့ရိပ်သာ၌ တွေ့ဆုံခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲတွင် Mr.Gambari က ဦးစွာ ရှင်းလင်းဆွေးနွေးရာ၌-

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Gambari ၏ ရှင်းလင်းဆွေးနွေးချက်

ရည်ရွယ်ချက်

ကမ္ဘာနှင့်အဝန်း နိုင်ငံတကာ၌ပြောင်းလဲမှုများ ဖြစ်ထွန်းနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း အေးချမ်းသာယာဖွံ့ဖြိုးပြီး ဒီမိုကရေစီစနစ်ကိုအခြေခံသော နိုင်ငံတော်သစ်တည်ဆောက်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ဆုတောင်းလိုက်ပါကြောင်း၊ နာဂစ်အလွန်ကာလ ကုလသမဂ္ဂ၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအကြား ပူးပေါင်းဆောင်ရွက်မှုများက လေဘေးသင့်ဒေသများ၌ တိုးတက်ဖွံ့ဖြိုးမှုအခြေအနေကောင်းများကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ အနာဂတ်လုပ်ငန်းစဉ်များ၌ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း၊ ယခုခရီးစဉ်တွင် ရည်ရွယ်ချက်(၃)ရပ်ထားရှိပါကြောင်း၊ ယခင်ခရီးစဉ်တွင် မိမိအဆိုပြုခဲ့သောအချက်များနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးရေး၊ နိုင်ငံတော်အစိုးရ၊ NLD နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား တွေ့ဆုံဆွေးနွေးမှုဖြစ်ပေါ်ရေးနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွက် ညှိနှိုင်းမှုများပြုလုပ်ရေးတို့ ပင်ဖြစ်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် တိုးတက်ဖြစ်ထွန်းမှုထွက်ပေါ်လာမှာ ဖြစ်သည့်အတွက် တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရန်အကြံပြုလိုပါကြောင်း၊ နိုင်ငံတော်အစိုးရက အကျဉ်းသား ၉၀၀၂ဦးလွတ်ပေးခဲ့ရာတွင် နိုင်ငံရေးအကျဉ်းသားများပါ ပါဝင်ခဲ့သည့်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ကြိုဆိုခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးအကျဉ်းသားများ ဆက်ပြီးလွတ်ပေးရေးကို မျှော်လင့်ပါကြောင်း၊ ထို့ပြင် နှစ်ရှည်ထောင်ဒဏ်ချမှတ်မှုများကိုလည်း ပြန်လည်သုံးသပ်ပေးရန် အကြံပြုလိုပါကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်ပြီးမြောက်ရန် နီးကပ်သည့်အပိုင်းကို ရောက်လာခဲ့ပြီဖြစ်ရာ ပြည်တွင်းမှ အားလုံးကျယ်ကျယ်ပြန့်ပြန့် ပါဝင်ခွင့်ရရန်လိုအပ်သကဲ့သို့ နိုင်ငံတကာမှ ကျယ်ကျယ်ပြန့်ပြန့်လက်ခံရန်လည်း လိုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းရေးနှင့် ဥပဒေများပြဋ္ဌာန်းရေးကိစ္စများနှင့်ပတ်သက်ပြီး သိလိုပါကြောင်း၊ ယခင်ခရီးစဉ်က နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် မိမိတို့အကြား ပုံမှန်ဆက်သွယ်ရေးစနစ်ထူထောင်ရန် အကြံပြုခဲ့ကြောင်း၊ မိမိနှင့် မိမိ၏ Staff များအား ပုံမှန်လာရောက်ခွင့်ပြုပါရန် အဆိုပြုလိုပါကြောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရော မိမိပါ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးတွင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းပြောကြားရာတွင်-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ ပြန်လည်ရှင်းလင်းပြောကြားချက်

အဆွေတော်နှင့် အဖွဲ့ဝင်များကို လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် ယခုလို ထပ်မံတွေ့ဆုံခွင့်ရရှိတဲ့အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။ အဆွေတော်အနေနဲ့ ကျွန်တော်တို့နိုင်ငံကို (၇)ကြိမ်မြောက် ရောက်ရှိခြင်းဖြစ်ပြီး ကျွန်တော်တို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နဲ့ တွေ့ဆုံကြတာ အခုဆိုရင် ပဉ္စမအကြိမ်မြောက် ဖြစ်ပါတယ်။ ဒါကြောင့် အဆွေတော်အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဖော်ဆောင်အောင်မြင်မှု အခြေအနေများ၊ ယနေ့ ပြည်သူအများစုရဲ့ ဆန္ဒသဘောထားများအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ဖြစ်တယ်လို့ ယူဆမိပါတယ်။

ယခုတစ်ခေါက် တွေ့ဆုံမှုမှာ ယခင်အကြိမ်များကလိုပဲ ခင်မင်ရင်းနှီးပွင့်လင်းစွာနဲ့ ဆွေးနွေးအမြင်ချင်းဖလှယ်ကြပြီး ယနေ့ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတွေကို အောင်အောင်မြင်မြင် ဆောင်ရွက်သွားနိုင်ရေးအတွက် ကောင်းမွန်တဲ့ အကျိုးရလဒ်ကောင်းတွေ ဖော်ထုတ်ရရှိနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေး မူဝါဒကိုကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများအားလုံးနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်နဲ့အညီ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်တာနဲ့အညီ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးနဲ့ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ရေးဟာလည်း ကျွန်တော်တို့နိုင်ငံ နိုင်ငံခြားရေးမူဝါဒရဲ့ အဓိကအချက်ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ တက်ကြွစွာ အလေးထားပူးပေါင်းဆောင်ရွက်နေသလို အနာဂတ်မှာလည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမှာသာ ဖြစ်ပါတယ်။

အလားတူ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အကျိုးဆောင်မှု အခန်းကဏ္ဍနဲ့ အဆွေတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ကျွန်တော်တို့အနေနဲ့ တန်ဖိုးထားလေးစားပါတယ်။ ဒါကြောင့် အဆွေတော်အနေနဲ့ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေမှန်များကို သိရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အဆွေတော်ရဲ့ခရီးစဉ် အဆင်ပြေအောင်မြင်စေဖို့ ကျွန်တော်တို့ဘက်က အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

အသိအမှတ်ပြု

အလားတူပဲ ပြီးခဲ့တဲ့ မေလအတွင်းက ကျရောက်ခဲ့တဲ့ နာဂစ်မုန်တိုင်း ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများမှာ ကျွန်တော်တို့အနေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ခဲ့တာ အဆွေတော် အသိပဲဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေမှာ စိတ်အားထက်သန်စွာ ကူညီဆောင်ရွက်ပေးခဲ့တဲ့ အတွင်းရေးမှူးချုပ်နဲ့ ကုလသမဂ္ဂရဲ့အခန်းကဏ္ဍကိုလည်း ကျွန်တော်တို့ အလေးထား အသိအမှတ်ပြု ကျေးဇူးတင်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

နာဂစ်မုန်တိုင်းကြောင့် သေကျေပျက်စီး ထိခိုက်ဆုံးရှုံးမှုတွေ ကြီးမားခဲ့တာမှန်ပေမယ့် အခုအချိန်မှာတော့ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ တက်ညီလက်ညီပူးပေါင်းပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လေဘေးသင့်ဒေသတွေဟာ အချိန်တိုအတွင်းမှာ မူလအခြေအနေကို ပြန်ရောက်လာနိုင်ခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စိုက်ထုတ်ကျခံသုံးစွဲမှု၊ ပြည်တွင်းက ရဟန်းရှင်လူ ပြည်သူအားလုံးရဲ့ကူညီလှူဒါန်းပံ့ပိုးမှု၊ ပြည်တွင်းကုမ္ပဏီကြီးများရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာ အလှူရှင်များရဲ့ လှူဒါန်းမှုတွေကြောင့် လေဘေးသင့်ပြည်သူများရဲ့ အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းစဉ်များအားလုံး ချောမွေ့အောင်မြင်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ရေရှည်သဘာဝဘေးကာကွယ်ရေး အစီအမံတွေကိုပါ ထပ်ဆောင်းလုပ်ဆောင်နေပြီဖြစ်တဲ့အတွက် လေဘေးသင့်ပြည်သူများအတွက် မူလအခြေအနေထက်မြင့်မားတဲ့ အဆင့်တစ်ခုကို အောင်မြင်စွာ ဆောင်ကြဉ်း ပို့ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အလွန်ကြီးမား

လေဘေးသင့်ဒေသကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးနဲ့ သဘာဝဘေးဒဏ်မှ ရေရှည်ကာကွယ်နိုင်ရေးလုပ်ငန်းများအတွက် ကျခံသုံးစွဲခဲ့ရတဲ့ ငွေကြေးပမာဏဟာလည်း အလွန်ပဲကြီးမားလှပါတယ်။ နိုင်ငံတော်က ကျခံမှု၊ ပြည်တွင်း ဝန်ကြီးဌာနများ၊ NGO များ၊ ပြည်နယ်နဲ့တိုင်းများက လှူဒါန်းမှု စုစုပေါင်းမြန်မာကျပ်ငွေ ၃၁၉ ဘီလီယံကျော် ရှိခဲ့ပါတယ်။ မြန်မာတစ်နိုင်ငံလုံးက စေတနာရှင်ပြည်သူများအနေနဲ့ ကိုယ့်စရိတ်နဲ့ကိုယ်သွားရောက်နေထိုင်စားသောက်ပြီး လေဘေးသင့်ဒေသပြည်သူများရဲ့အကျိုးကို စေတနာ့ဝန်ထမ်းသက်သက် ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြပါတယ်။ အဲဒီ ပြည်သူများရဲ့ ဝန်ဆောင်စရိတ်တွေဟာ အထက်ဖော်ပြပါ ကျပ်ငွေ ၃၁၉ဘီလီယံကျော်မှာ ပါဝင်ခြင်း မရှိသေးဘူးဆိုတာ သိစေလိုပါတယ်။

ဒါ့အပြင် ပြည်ပနဲ့ပြည်တွင်း၊ ပြည်ပပူးပေါင်းပြီး လှူဒါန်းကြတဲ့ ငွေနဲ့ပစ္စည်းတန်ဖိုးပမာဏက မြန်မာကျပ်ငွေ ၄၄ဒသမ၈၅၇ ဘီလီယံနဲ့ အမေရိကန်ဒေါ်လာ ၉ဒသမ၆၉သန်းကျော်ရှိခဲ့ပါတယ်။ အဲဒီလှူဒါန်းငွေပမာဏအနက် မုန်တိုင်းသင့်ပြည်သူများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ သုံးစွဲနိုင်ခဲ့သည်များ ရှိသလို နိုင်ငံတကာထောက်ပံ့လှူဒါန်းမှုများအနက်မှ UN Agency များနဲ့ INGO များအနေနဲ့ ၄င်းတို့ရဲ့ သယ်ပို့စရိတ်၊ ဝန်ထမ်းခနှင့် လုပ်အားစရိတ်တွေ ထုတ်နုတ်သုံးစွဲခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

ပိုမိုထိရောက်

အခုဆိုရင် မုန်တိုင်းသင့်ဒေသတွေမှာ နေရာထိုင်ခင်း၊ အလုပ်အကိုင်ကစပြီး ပုံမှန်ဘဝကို ပြန်ရောက်နေကြပြီဖြစ်သလို စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းတွေလည်း ပုံမှန်ပြန်လည်လည်ပတ်နိုင်နေပြီဖြစ်ပါတယ်။ အခုအချိန်၌ ရေရှည်သဘာဝဘေးကာကွယ်ရေး အစီအမံတွေဖြစ်တဲ့ ကွန်ရက်လမ်းမကြီးများ ဖောက်လုပ်ရေး၊ Cyclone Shelter များ ဆောက်လုပ်ရေး၊ ရေလွတ်အသက်ကယ်ကုန်းမြင့်များ တည်ဆောက်ရေး၊ ရေငန်တားတမံများတည်ဆောက်ရေး၊ ဒီရေတောများပျိုးထောင်ထိန်းသိမ်းရေး စတဲ့ လုပ်ငန်းတွေကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် Cyclone Shelter များ၊ လယ်ထွန်စက်၊ ဓာတ်မြေဩဇာ၊ ဒီဇယ်ဆီ စသည်များကို ပြည့်စုံလုံလောက်အောင် ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ဖို့ လိုအပ်နေပါသေးတယ်။ ဒီလိုအပ်ချက်တွေကို နိုင်ငံတော်ရဲ့အား၊ ရဟန်းရှင်လူပြည်သူတွေရဲ့အားကိုယူပြီး ဆက်လက်ဖြည့်ဆည်း စီမံဖော်ဆောင်ပေးလျက်ရှိပါတယ်။ ဒါကြောင့် အဲဒီလိုအပ်ချက်တွေအတွက် နိုင်ငံတကာမှ ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဖြည့်ဆည်းတည်ဆောက်ရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ချက်က သဘာဝဘေးဒဏ်နဲ့ပတ်သက်ရင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဟာ ယခုမှသာ နဖူးတွေ့ ဒူးတွေ့ ခံစားခဲ့ရခြင်းဖြစ်ပြီး ရခိုင်ကမ်းရိုးတန်းဒေသကတော့ အကြိမ်ပေါင်းများစွာခံစားခဲ့ရတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ ရခိုင်ကမ်းရိုးတန်းဒေသဘက်မှာလည်း ရထားလမ်း၊ ကားလမ်း၊ ရေအားလျှပ်စစ်လုပ်ငန်းများနဲ့ ရေရှည်သဘာဝဘေးကာကွယ်ရေး အစီအမံတွေ စတင်လုပ်ဆောင်ပေးနေပြီဖြစ်ပါတယ်။ ဒါကြောင့် သဘာဝဘေးကာကွယ်ရေးနဲ့ပတ်သက်ပြီး ငွေကြေး၊ ပစ္စည်းလိုအပ်ချက်တွေ ကြီးမားနေဦးမှာပဲဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် **နာဂစ်ကိစ္စမှာ ယခုလို နိုင်နင်းအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဟာ အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ တစ်နိုင်ငံလုံးက ပြည်သူအားလုံးရဲ့ ယုံကြည်အားပေးမှုနဲ့ အလေးထားပူးပေါင်း ဆောင်ရွက်မှု၊ နိုင်ငံတကာရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့်သာ ဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။ တစ်ဖက်ကလည်း အစိုးရက အဲဒီလိုအားသွန်ခွန်စိုက် ရှိသမျှကို စွမ်းအားကုန်ထုတ်ပြီး ပြည်သူ့အကျိုးကိုဆောင်ရွက်ပေးခဲ့တဲ့အတွက် ပြည်သူကတစ်ဖန်ပြန်ပြီး တုံ့ပြန်နားလည်မှုရှိစွာ ထောက်ခံပူးပေါင်းပါဝင်လာခဲ့ခြင်းပဲဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ ဒါတွေကို အဆွေတော်အနေနဲ့ သိမြင်နားလည်နိုင်အောင် အကျဉ်းမျှရှင်းပြရခြင်းဖြစ်ပါတယ်။**

ဆက်လက်ပြီး ယနေ့ပြည်သူလူထုရဲ့ အဓိကလိုလားချက်ဆန္ဒ(၃)ရပ်နဲ့အညီ မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်အောင် နိုင်ငံတော်က ဆောင်ရွက်နေမှုအခြေအနေများကို အကျဉ်းချုပ်ပြီး ရှင်းပြလိုပါတယ်။

တည်ငြိမ်အေးချမ်း

ပြည်သူလူထုအနေနဲ့ နံပါတ်(၁)တည်ငြိမ်အေးချမ်းမှုကိုလိုလားပါတယ်။ မတည်ငြိမ်တဲ့ ပတ်ဝန်းကျင်မျိုး၊ တည်ငြိမ်မှုကိုဖျက်ဆီးမယ့် ဆူပူအကြမ်းဖက်မှုမျိုးကို လုံးဝမလိုချင်ပါဘူး။ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံများအရ ၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ခုနှစ်အထိ ပါလီမန် ဒီမိုကရေစီခေတ်အတွင်းမှာ နိုင်ငံတည်ငြိမ်အေးချမ်းမှုမရခဲ့တဲ့အပြင် ပြည်တွင်းသောင်းကျန်းမှု *စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှအဆက်

မီးတောက်မီးလျှံတွေကြားမှာ ကျီးလန့်စာစားဘဝနဲ့ ဖြတ်သန်းခဲ့ကြရပါတယ်။ ဆက်လက်ပြီး တော်လှန်ရေး ကောင်စီခေတ်၊ လမ်းစဉ်ပါတီခေတ်များမှာလည်း ပြည်တွင်းသောင်းကျန်းမှု အမြစ်မပြတ်နိုင်ခဲ့တဲ့အတွက် ၁၉၆၇ခုနှစ်လောက်ကနေ ၁၉၉၀ ဝန်းကျင်အထိ ပြည်တွင်းသောင်းကျန်းမှု တိုက်ပွဲကြီးငယ်ပေါင်းများစွာအကြားမှာ ပြည်သူအများစုဟာ ကျွဲနှစ်ကောင်ကြားက မြေစာပင်ပမာ ခိုကိုးရာမဲ့ဖြစ်ပြီး ဒုက္ခပင်လယ်ဝေခဲ့ရပါတယ်။ ဒါကြောင့် ယနေ့ပြည်သူတွေဟာ အဲဒီလို ရတ်ရတ်သဲသဲ ကျီးလန့်စာစား ဘဝမျိုးကို ဘယ်လိုမှပြန်မသွားချင်ကြတော့ပါဘူး၊ တည်ငြိမ်အေးချမ်းနေတဲ့ သူတို့ရဲ့ လက်ရှိလူမှုဘဝ ပျက်စီးပျောက်ဆုံးသွားမှာကိုလည်း စိုးရိမ်နေကြတာ အမှန်ပါပဲ။ အလားတူ ယနေ့ရရှိနေတဲ့ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို အခြေခံပြီး ဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုပြီး တိုးမြှင့်ဖော်ဆောင်ပေးစေလိုကြတယ်၊ ဒီမိုကရေစီကို တည်ငြိမ်အေးချမ်းစွာနဲ့ ကူးပြောင်းဖော်ဆောင်သွားချင်ကြတယ်ဆိုတာလည်း အမှန်ပါပဲ။ ဒါကို အဆွေတော်တို့လည်း စာနာနားလည်နိုင်မယ်လို့ ယူဆမိပါတယ်။

ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ထာဝရတည်ငြိမ်အေးချမ်းမှုကို အာမခံနိုင်ဖို့အတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းတည်ဆောက် ဖော်ဆောင်လျက်ရှိပါတယ်။ ယနေ့ဆိုရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်အများစုဟာ ငြိမ်းချမ်းရေးရယူပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဥပဒေပြင်ပမှာ ကျန်ရှိနေသေးတဲ့ လက်နက်ကိုင်အဖွဲ့များအတွက် ကျွန်တော်တို့ဘက်က ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားဆဲဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

ကမ်းလှမ်းဖိတ်ခေါ်

တစ်ဖက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းတည်ဆောက်လျက်ရှိသလို အခြားတစ်ဖက်ကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးမှုတွေကို အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့အခေါက် အဆွေတော် ပြန်သွားပြီးနောက်ပိုင်းမှာ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့ဘက်က နှစ်ကြိမ်ကမ်းလှမ်းမှုပြုလုပ်ခဲ့ပါတယ်။ သို့သော် အဲဒီကမ်းလှမ်းချက်ကို ဒေါ်အောင်ဆန်းစုကြည်ဘက်က ငြင်းပယ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့အခေါက် အဆွေတော်ရဲ့ခရီးစဉ်မှာတုန်းကလည်း အဆွေတော်အနေနဲ့ တွေ့ဆုံခွင့်တောင်းခံတာကို ဒေါ်အောင်ဆန်းစုကြည်က လက်ခံတွေ့ဆုံဖို့ ငြင်းပယ်ခဲ့တာကိုလည်း အဆွေတော်မှတ်မိဦးမယ်ထင်ပါတယ်။ သို့သော် ဘာပဲဖြစ်ဖြစ် နိုင်ငံတော်ဘက်ကတော့ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေးဆောင်ရွက်ရန် စိတ်အားထက်သန်စွာနဲ့ အစဉ်အမြဲကမ်းလှမ်းဖိတ်ခေါ်လျက် ရှိပါတယ်။

အလားတူ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အထောက်အကူဖြစ်စေရန်နဲ့ နိုင်ငံတော် တည်ဆောက်မှုလုပ်ငန်းများမှာ တစ်တပ်တစ်အားပါဝင်လာနိုင်စေရန်အတွက် လည်းကောင်း၊ အဆွေတော်ရဲ့ မေတ္တာရပ်ခံချက်ကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းသား ၉၀၀၂ဦးကို လွတ်ငြိမ်းခွင့်ပေးခဲ့ပြီးဖြစ်ပါတယ်။

မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အဆင့် (၅)ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကြိုတင်ကြေညာထားပြီးဖြစ်တဲ့အတိုင်း ၂၀၁၀ပြည့်နှစ်မှာ ကျင်းပပေးသွားမှာဖြစ်ပါတယ်။ အဲဒီ အထွေထွေရွေးကောက်ပွဲကြီးမှာလည်း အားလုံးပါဝင်ခွင့်ရအောင်၊ ဒီမိုကရေစီ နည်းလမ်းတကျဖြစ်အောင် ဖော်ဆောင်ပေးသွားမှာပဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမကျင်းပမီ သင့်လျော်တဲ့အချိန်မှာ နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေထုတ်ပြန်ပြီး ဥပဒေနဲ့အညီ ပါတီများထူထောင်ခွင့်၊ စည်းရုံးခွင့်နဲ့ အရွေးချယ် ခံပိုင်ခွင့်များကို ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ အဲဒီအခါမှာ အစိုးရကိုဆန့်ကျင်နေသူရော ထောက်ခံသူများပါ၊ အလားတူ အခြေခံဥပဒေကို ဆန့်ကျင်သူရော၊ ထောက်ခံသူများပါ ဥပဒေနဲ့အညီ အခွင့်အရေးများ တန်းတူအားလုံးရကြမှာဖြစ်ပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲကော်မရှင်နဲ့ အခြားလိုအပ်မယ့် ကော်မရှင် အဆင့်ဆင့်ကိုပါ စနစ်တကျဖွဲ့စည်းပေးပြီး နိုင်ငံတကာစံများနှင့်အညီ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲများဖြစ်အောင် စီစဉ်ကျင်းပပေးသွားမှာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲမှာ ပြည်သူ့ဆန္ဒမဲနဲ့ အရွေးချယ်ခံရပြီဆိုရင် အဆင့်(၆)ဖြစ်တဲ့ လွှတ်တော်အသီးသီးမှာ လွှတ်တော်ကိုယ်စားလှယ်များ အဖြစ် ပါဝင်ခွင့်ရကြမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ ဖြစ်လာကြပြီး လွှတ်တော်အတွင်းမှာ နိုင်ငံတော်ရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ဥပဒေပြုရေးဆိုင်ရာ ကိစ္စအဝဝမှာ လွတ်လပ်စွာ ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ကြမှာဖြစ်သလို ဒီမိုကရေစီ နည်းလမ်းတကျကျင့်သုံး ဆုံးဖြတ်အကောင်အထည်ဖော်နိုင်လာကြမှာပဲ ဖြစ်ပါတယ်။ ထို့အတူ လွှတ်တော်အသီးသီးက အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီး အဆင့်(၇)ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါတွေကိုကြည့်ရင် မူဝါဒ လမ်းစဉ် (၇)ရပ်ကို ဖော်ဆောင်ရာမှာ အားလုံးပါဝင်ခွင့် (All Inclusiveness) ရရှိအောင် လမ်းဖွင့်ပေးထားတယ်ဆိုတာ ထင်ရှား လှပါတယ်။

ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ဒါ့အပြင် ဒီမိုကရေစီ ဖော်ဆောင်ခြင်း၊ တိုင်းပြည်နဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး ဖွံ့ဖြိုးဝေဆာလာအောင် ဆောင်ရွက်ခြင်းစတဲ့ ဆောင်ရွက်ချက်များဟာ အဆွေတော်တို့အပါအဝင် ကုလသမဂ္ဂ၊ ကမ္ဘာ့မိသားစုဝင်နိုင်ငံများ၊ ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံများအားလုံးက လိုလားထောက်ခံကြတဲ့ လုပ်ငန်းစဉ်များသာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များ အောင်မြင်အောင် အဆွေတော်တို့ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများဟာ မျက်ကွယ်ပြုလို့မရတဲ့ ပကတိအရှိတရားများဖြစ်တဲ့အတွက် မှန်ကန်တဲ့အသိနဲ့ ကြည်လင်စွာရှုမြင်သုံးသပ်မယ်ဆိုရင် အနာဂတ်နိုင်ငံတော်ရဲ့ ပုံရိပ်ကို ပြတ်သားထင်ရှားစွာ တွေ့မြင်နေရပြီလို့ ဆိုနိုင်ပါတယ်။ နိုင်ငံတော်ရဲ့ အရေးအရာကိစ္စများဟာ နိုင်ငံသားပြည်သူများကိုယ်တိုင် ကိုင်တွယ် ဖြေရှင်းရမယ့် ပြည်တွင်းရေးကိစ္စများသာဖြစ်ပြီး ဒီနေ့အချိန်အထိလည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော်တို့ လက်တွဲညီညွတ်စွာ ကိုယ်ပိုင်စွမ်းအားနဲ့ ကြိုးပမ်းဖော်ဆောင် နိုင်ခဲ့ကြတဲ့အတွက် ယခုလို အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေခြင်းဖြစ်ကြောင်း ထင်ရှားလှပါတယ်။

လက်ရှိအခြေအနေအရှိတရားအရ ဒီမိုကရေစီကို ဖော်ဆောင်ရာမှာ မူဝါဒလမ်းစဉ်(၇)ရပ်ဟာ အသင့်မြတ်ဆုံးနဲ့ အကိုက်ညီဆုံးဖြစ်

ဆက်လက်ဆောင်ရွက်

ပြီးခဲ့တဲ့အခေါက်ခရီးစဉ်မှာ အဆွေတော်အနေနဲ့ ၂၀၁၀ ပြည့်နှစ်မှာကျင်းပမယ့် အထွေထွေရွေးကောက်ပွဲအတွက် ကုလသမဂ္ဂမှ နည်းပညာနှင့်ကျွမ်းကျင်မှုအကူအညီရယူသင့်ကြောင်း အကြံပြုကမ်းလှမ်းခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ရွေးကောက်ပွဲအတွက် သင့်လျော်တဲ့အချိန်မှာ ရွေးကောက်ပွဲကော်မရှင်ကိုဖွဲ့စည်းပေးသွားမှာဖြစ်ပြီး အဲဒီကော်မရှင်ကနေ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်စေရန်အတွက် လိုအပ်သည့်အချက်များကို ဆက်လက်စဉ်းစားဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းပြန်ကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အဆွေတော်တို့ဘက်က ဘယ်လိုနည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီတွေပေးနိုင်မယ်ဆိုတာသိလိုပါတယ်။

ပြည်သူ့ဆန္ဒ နံပါတ်(၂)ကို ဆက်ပြောရရင် ပြည်သူတွေဟာ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုလိုလားသလို မိမိတို့ တစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကိုလည်း လိုချင်ကြပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွေကို ဘက်စုံထောင့်စုံမှ အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

အတိတ်သမိုင်း

ဖြတ်သန်းခဲ့ရတဲ့ အတိတ်သမိုင်းကိုပြန်ကြည့်ရင် ပြည်သူလူထုဟာ အခက်အခဲပေါင်းများစွာနဲ့ ဆင်းရဲဒုက္ခပေါင်းစုံကို ခါးစည်းခံခဲ့ကြရပြီး နှစ် ၄၀လောက် ကာလတစ်လျှောက်လုံး တည်ငြိမ်အေးချမ်းမှုလုံးဝမရှိခဲ့တဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုတာကိုလည်း စိတ်ကူးနဲ့တောင် မျှော်လင့်လို့မရနိုင်တဲ့အခြေအနေမျိုး ကြုံခဲ့ရတာအမှန်ပါပဲ။

ဒါပေမယ့် ၁၉၈၈နောက်ပိုင်း ယနေ့ခေတ်ကာလမှာတော့ နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်ပေးနိုင်ခဲ့သလို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် လိုအပ်တဲ့အခြေခံအဆောက်အအုံအားလုံး နီးပါးကို တည်ဆောက်ပံ့ဖော်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ယနေ့ပြည်သူတွေဟာ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အသီးအပွင့်တွေကို ကိုယ်တိုင်ရရှိခံစားခွင့်ရလာခဲ့ကြပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းလာတာနဲ့အမျှ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ မိမိတို့ ကိုယ်စီအကျိုးစီးပွားပါ ဖြစ်ထွန်းမြင့်မားတိုးတက်လာတာကို နှစ်ခြိုက်သဘောကျကြပြီး တည်ဆဲအစိုးရရဲ့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် ထောက်ခံယုံကြည်အားကိုးလာကြတာလည်း အမှန်ပဲဖြစ်ပါတယ်။

မူဝါဒလမ်းစဉ်(၇) ရပ်

အခြားတစ်ဖက်ကလည်း ပြည်သူတွေအနေနဲ့ နိုင်ငံတော်မှာ မတည်ငြိမ်မှု၊ မအေးချမ်းမှုတွေ ပေါ်ပေါက်လာပြီး ရရှိထားတဲ့ဖွံ့ဖြိုးတိုးတက်မှုတွေပျက်စီးသွားမှာ၊ နှောင့်နှေးရပ်တန့်သွားမှာမျိုးကိုလည်း ပူပန်မှုတွေရှိကြပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်မှုတွေ ဆက်လက်ဖြစ်ထွန်းနိုင်စေရန် တည်ငြိမ်အေးချမ်းစွာနဲ့ ဒီမိုကရေစီကူးပြောင်းမှုကို လိုလိုလားလား ထောက်ခံနေကြခြင်းဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲအစိုးရဟာ ပြည်သူတွေရဲ့ အဲဒီဆန္ဒကိုဖြည့်ဆည်းပေးတဲ့ အနေနဲ့ ဒီမိုကရေစီစနစ်သို့ တည်ငြိမ်အေးချမ်းစွာ စနစ်တကျ ကူးပြောင်းနိုင်စေရန် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဖော်ဆောင်ပေးနေခြင်းပဲဖြစ်ပါတယ်။

ကြိုတင်ဆောင်ရွက်

ယနေ့အခါမှာ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပေါ်နေတာ အဆွေတော်အသိပဲဖြစ်ပါတယ်။ Globalization ဖြစ်စဉ်အရ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အနည်းနဲ့အများ ထိခိုက်သက်ရောက်မှုတွေရှိကြမှာ အမှန်ပါပဲ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ပြောရရင် ကျွန်တော်တို့ နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့အပြင် အမေရိကန်အပါအဝင် အနောက်အုပ်စုနိုင်ငံများနဲ့ ဘဏ္ဍာရေး၊ ကုန်သွယ်ရေးဆက်ဆံမှု မရှိသလောက် နည်းပါးတဲ့အတွက် ဒီအကျပ်အတည်းမှာ တိုက်ရိုက်ထိခိုက်သက်ရောက်မှု နည်းပါးနိုင်တယ်လို့ သုံးသပ်ရပါတယ်။ သို့သော် နိုင်ငံခြားသုံး ငွေကြေးအပေးအယူနဲ့ ပို့ကုန်သွင်းကုန် ကိစ္စများနဲ့စပ်လျဉ်းပြီး စင်ကာပူလိုဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံမှုများပြားတဲ့အတွက် အဲဒီနိုင်ငံတွေမှာ ဖြစ်ပေါ်လာတဲ့ဘဏ္ဍာရေးအရ ထိခိုက်မှုအပေါ် မူတည်ပြီး ကျွန်တော်တို့နိုင်ငံကိုလည်း တစ်ဆင့်ခံသက်ရောက်မှုတွေ ရှိလာနိုင်တယ်လို့ ထည့်သွင်းစဉ်းစားထားပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော် အစိုးရအနေနဲ့ စီးပွားရေးဆိုင်ရာ တတ်သိကျွမ်းကျင်တဲ့ ပညာရှင်များနဲ့ ဆွေးနွေးညှိနှိုင်းအကြံဉာဏ်ရယူပြီး လုပ်သင့်တာတွေ၊ ကြိုတင်ဆောင်ရွက်သင့်တာတွေကို လုပ်ဆောင်နေပြီဖြစ်ပါတယ်။

အခုဆက်ပြီး ပြည်သူ့ဆန္ဒနံပါတ်(၃)ကို ရှင်းပြလိုပါတယ်။ ပြည်သူတွေဟာ ဥပဒေနဲ့အညီ လွတ်လပ်စွာ လုပ်ကိုင်နေထိုင်စားသောက်လိုကြပြီး သူတို့ရည်မှန်းတဲ့ ဒီမိုကရေစီပန်းတိုင်ကို တည်ငြိမ်အေးချမ်းစွာနဲ့ လျင်မြန်စွာ ရောက်ချင်တဲ့ဆန္ဒကိုယ်စီ ရှိကြပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရက ဒီမိုကရေစီလမ်းပြမြေပုံဖြစ်တဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် ဆောင်ရွက်ပေးနေခြင်းပဲ ဖြစ်ပါတယ်။ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဖော်ဆောင်သွားမယ်ဆိုတာကိုလည်း ၂၀၀၃ခုနှစ်ကတည်းက တိုင်းသိပြည်သိ ကမ္ဘာသိ ကြေညာခဲ့ပြီးဖြစ်ပါတယ်။ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုများအပေါ်မှာ အဆွေတော်တို့ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနဲ့ ဒေသတွင်းနိုင်ငံများ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ စသဖြင့် နိုင်ငံတကာကလည်း အသိအမှတ်ပြု ထောက်ခံခဲ့ကြပြီးဖြစ်ပါတယ်။

အသင့်မြတ်ဆုံး

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေ အရှိတရားအရ ဒီမိုကရေစီကို ဖော်ဆောင်ရာမှာ အဲဒီမူဝါဒလမ်းစဉ်(၇)ရပ်ဟာ အသင့်မြတ်ဆုံးနဲ့ အကိုက်ညီဆုံးဖြစ်တယ်လို့ ကျွန်တော်တို့သုံးသပ် တွေ့ရှိရပါတယ်။ ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းရာမှာ တည်ငြိမ်အေးချမ်းစွာနဲ့ အန္တရာယ်ကင်းသွားနိုင်မယ့် နည်းလမ်းဟာ မူဝါဒလမ်းစဉ်(၇)ရပ်ပဲဖြစ်တယ်လို့ ယုံကြည်ခံယူထားပါတယ်။

ပြည်သူလူထုကလည်း အခြေခံဥပဒေမူကြမ်းကို ၉၂ဒသမ၄၈ရာခိုင်နှုန်းနဲ့ တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တည်ဆဲအစိုးရဟာ ပြည်သူများကအတည်ပြုထားတဲ့ အခြေခံဥပဒေအရ ပြည်သူ့ကိုယ်စား ယနေ့ဆောင်ရွက်နေကြတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဒီလိုဆောင်ရွက်မှုများအပေါ် ပျက်ပြားအောင်၊ ထိခိုက်အောင် ကြိုးပမ်းလာမှုမှန်သမျှကို လက်ခံနိုင်မှာ မဟုတ်သလို ပြည်သူတွေ Mandate ပေးထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပျက်ပြားအောင်၊ ထိခိုက်အောင် ကြိုးပမ်းလာမှုတွေကိုလည်း ဆန့်ကျင်ဖယ်ရှားသွားမှာသာဖြစ်ပါတယ်။

ရာနှုန်းပြည့်ယုံကြည်

နိဂုံးချုပ်အနေနဲ့ပြောရရင် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုရဲ့ ထောက်ခံမှုနဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို ယခုအချိန်အထိ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သလို ဒီမိုကရေစီပန်းတိုင်ကိုမရောက်ရောက်အောင်လည်း ဆက်လက်ကြိုးပမ်းချီတက်သွားမှာသာဖြစ်ပါတယ်။ နိုင်ငံနှင့်ပြည်သူရဲ့ ပကတိအရှိတရားနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဒီမိုကရေစီစနစ်ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရမယ်လို့လည်း ရာနှုန်းပြည့်ယုံကြည်ခံယူထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့နိုင်ငံရေးရဲ့ နက်နဲသိမ်မွေ့မှုများကို အတိုင်းအတာတစ်ခုအထိ သိရှိနားလည်ပြီးဖြစ်တဲ့အဆွေတော်တို့အနေနဲ့လည်း ကျွန်တော်တို့ရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များ အောင်မြင်သည်ထက်အောင်မြင်အောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးနိုင်ဖို့ မျှော်လင့်မိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ယင်းနောက် Mr.Gambari ကထပ်မံဆွေးနွေးရာတွင်-

အသိအမှတ်ပြု

နာဂစ်မုန်တိုင်းကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ၌ မြန်မာနိုင်ငံအစိုးရ၏ဦးဆောင်ကိုင်တွယ်ဖြေရှင်းနိုင်မှု အခြေအနေများအပေါ် မိမိတို့ အသိအမှတ်ပြုပါကြောင်း၊ နာဂစ်ကယ်ဆယ်ရေးလုပ်ငန်းများ၌ ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ ဝိုင်းဝန်း ကူညီပံ့ပိုးမှုများသည် အမှန်စင်စစ်မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များကို ပံ့ပိုးပေးခြင်းသာဖြစ်ပါကြောင်း၊ ကမ္ဘာ့စီးပွားရေး အကျပ်အတည်း၏ အကျိုးသက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မြန်မာအစိုးရ၏ ပြင်ဆင်ဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြု ပါကြောင်း၊ ၂၀၁၀ပြည့်နှစ်ရွေးကောက်ပွဲအတွက် နည်းပညာအကူအညီပေးရာ၌ ယခင်လုပ်ထုံးလုပ်နည်းများအရ အိမ်ရှင်နိုင်ငံ အစိုးရက စတင်အဆိုပြုရမည်ဖြစ်ပြီး ကုလသမဂ္ဂက သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းကာ ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ မိမိတို့၏ ပူးပေါင်း ဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံကို ဒီမိုကရေစီနည်းလမ်းကျသည့် နိုင်ငံဖြစ်ပေါ်လာရေး အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါ ကြောင်း၊ မိမိအနေဖြင့်မျှတ၍ အပြုသဘောဆောင်သည့် ခရီးစဉ်တစ်ခုဖြစ်အောင် မျှော်မှန်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသည် နံနက် ၁၀နာရီတွင် ပြီးဆုံးခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော်ရဲ့ အရေးအရာကိစ္စများဟာ နိုင်ငံသားပြည်သူများကိုယ်တိုင် ကိုင်တွယ် ဖြေရှင်းရမယ့် ပြည်တွင်းရေးကိစ္စများသာဖြစ်ပြီး ဒီနေ့အချိန်အထိလည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲညီညွတ်စွာ ကိုယ်ပိုင်စွမ်းအားနဲ့ ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့ ကြတဲ့အတွက် ယခုလို အောင်မြင်ဖြစ်ထွန်းမှု များ ရရှိ နေခြင်းဖြစ်ကြောင်း ထင်ရှားလှပါတယ်။

လုပ်သင့်သည်များကို မည်သူ့တိုက်တွန်းချက်မျှမလိုဘဲ ဆက်လုပ်သွားမည်

● *ကျောဖုံးမှ*

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မစ္စတာဂမ်ဘာရီအား နာဂစ်မုန်တိုင်းသင့်ဒေသများသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပို့ဆောင်ပေးသင့်သော နေရာတစ်ခုဖြစ်သည့် ပြင်စလူသို့ အချိန်ကန့်သတ်ချက်ရှိသဖြင့် ပို့မပေးနိုင်ခဲ့ကြောင်း၊ ယင်းဒေသမှာ ပင်လယ်ပြင်နှင့် အထက် ငါးပေမျှသာ မြင့်မားသဖြင့် နာဂစ်မုန်တိုင်းကျရောက်သည့်အခါ မြို့နယ်တစ်ခုလုံး ပျောက်ကွယ်သွားခဲ့ကြောင်း။

ပြန်လည်လုပ်ကိုင်

မုန်တိုင်းသင့်သော ဧရိယာတစ်ခုလုံးသည် အစိုးရ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာတို့၏ ဝိုင်းဝန်းထောက်ပံ့မှုများဖြင့် အဆင်ပြေသည့် အနေအထားသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း၊ မုန်တိုင်းသင့်ဒေသများရှိ လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းတို့ကိုလည်း မူလအခြေအနေအတိုင်း ပြန်လည်လုပ်ကိုင်လျက်ရှိနေပြီ ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံ၊ ဆေးခန်းအားလုံး အသစ်ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးသလောက်ရှိပြီဖြစ်ကြောင်း၊ ဆေးရုံ၊ ဆေးခန်းများ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် ပတ်သက်၍ အစိုးရ ဆောင်ရွက်မှုများရှိသကဲ့သို့ WHO/ UNICEF တို့ကလည်း အကူအညီများ များစွာပေးခဲ့ကြောင်း။

အကူအညီ

စာသင်ကျောင်းများအနေဖြင့် အပျက်အစီးများ ကြုံတွေ့ခဲ့ရာ ယင်းတို့အနက် သုံးပုံ၊ နှစ်ပုံ ပြန်လည်တည်ဆောက်ပြီးဖြစ်ပြီး သုံးပုံ၊ တစ်ပုံသာ ပြုပြင်ရန်ကျန်ရှိတော့ကြောင်း၊ အစိုးရအနေဖြင့် ရင်းနှီးစိုက်ထုတ်ဆောင်ရွက်သကဲ့သို့ UNICEF အနေဖြင့်လည်း အကူအညီများစွာပေးခဲ့ကြောင်း။

မိမိတို့အနေဖြင့် နာဂစ်ကဲ့သို့ မုန်တိုင်းမျိုး နောက်တစ်ကြိမ်ဖြစ်ပွားလာပါက ကာကွယ်ရန် Cyclone Shelter ၁၈လုံးကို မုန်တိုင်းသင့်ဒေသ၌ တည်ဆောက်လျက်ရှိကြောင်း၊ လူ ၅၀၀ ဆံ့နှင့် လူ ၁၀၀၀ ဆံ့ Cyclone Shelter များ တည်ဆောက်နေရာ ကုန်ကျစရိတ်အနေဖြင့် တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ရှစ်သိန်းမျှ ကုန်ကျကြောင်း။

နိုင်ဂျီးရီးယားနိုင်ငံမှ လှူဒါန်းငွေများကိုလည်း Cyclone Shelter တည်ဆောက်ခြင်းနှင့် စာသင်ခန်း တည်ဆောက်ခြင်းလုပ်ငန်းများ၌ အသုံးပြုခဲ့ကြောင်း။

မစ္စတာ ဂမ်ဘာရီအနေဖြင့် ယခုခရီးစဉ်အတွင်း လိုလားချက်များကို ဝန်ကြီးများနှင့် တွေ့ဆုံစဉ်နှင့် ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် တွေ့ဆုံစဉ်က ဆွေးနွေးခဲ့ပြီးဖြစ်ရာ ယခု မိမိတွေ့ဆုံစဉ် ပြောဆိုလိုသည်များရှိပါက ပြောကြားနိုင်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မစ္စတာဂမ်ဘာရီက ပြောကြားရာတွင် မိမိအား အဆွေတော် ဝန်ကြီးချုပ်က လက်ခံတွေ့ဆုံသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ဂုဏ်ယူ

မိမိအနေဖြင့် ဆိုင်ကလုန်း နာဂစ်ဒဏ်ခံရသောဒေသသို့ သွားရောက်၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်မှုများကို ကိုယ်တိုင်ကြည့်ရှုခွင့်ရရှိခဲ့ကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ ဆိုင်ကလုန်းနာဂစ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တည်ဆောက်နေမှုအတွက် ဂုဏ်ပြုပါကြောင်း၊ ထို့အပြင် ကုလသမဂ္ဂနှင့် ပူးပေါင်းလျက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဖြင့် လုပ်ငန်းများဆောင်ရွက်ခြင်းအတွက်လည်း ဂုဏ်ယူပါကြောင်း။

မိမိ၏ခရီးစဉ်များအနက် ယခုခရီးစဉ် အစီအစဉ်သည် အကောင်းဆုံး အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍ ခရီးစဉ်မှ ခိုင်မာသောရလဒ်များ ပေါ်ထွန်းလာရန် မျှော်လင့်နိုင်ပါကြောင်း။

နိုင်ငံရေးအကျဉ်းသားများအား လူသားချင်း စာနာထောက်ထားသော ရှုထောင့်မှစဉ်းစား၍ ပိုမိုလွတ်ပေးစေလိုကြောင်း၊ အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား ကွဲပြားခြားနားသောအမြင်များရှိလင့်ကစား တွေ့ဆုံဆွေးနွေးမှုများပြုနိုင်ရေးကို စဉ်းစားဆောင်ရွက်သင့်ပါကြောင်း။

တိုးမြှင့်ပေး

ထို့အပြင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ လုပ်ငန်းရပ်များမှာ အောင်မြင်မှုများ ရရှိနေသဖြင့် ၎င်းအဖွဲ့၏သက်တမ်းအား တိုးမြှင့်ပေးသင့်ပါကြောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အနေဖြင့် မြန်မာနိုင်ငံသို့ ထပ်မံလာရောက်လိုသည့်ဆန္ဒရှိပြီး ၎င်းကိုယ်တိုင်လည်း နာဂစ်မုန်တိုင်းလွန်ကာလတွင် မြန်မာနိုင်ငံသို့ လာရောက်ခွင့်ရရှိခဲ့ပါကြောင်း၊ ယခု ထပ်မံလာရောက်လိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာ၌ အဆွေတော် ပြောကြားခဲ့သည်များနှင့်ပတ်သက်၍ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံခဲ့စဉ် ဆွေးနွေးခဲ့သည်များကို မိမိသိရှိရကြောင်း၊ အဆွေတော်၏ ပြောကြားမှုများကို မှတ်သားထားပေးမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လုပ်ကိုင်ပေးနိုင်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

ပြောင်းလဲစီစဉ်

ဤခရီးစဉ်သည် မစ္စတာဂမ်ဘာရီ၏ (၇)ကြိမ်မြောက် ခရီးစဉ်ဖြစ်ကြောင်း၊ မူလက ဇန်နဝါရီ ၂၆ ရက် လာရောက်ရန် စီစဉ်ခဲ့သော်လည်း မစ္စတာဂမ်ဘာရီ၏ ဆန္ဒအရ မိမိတို့အလုပ်များသည့်ကြားက ပြောင်းလဲစီစဉ်ပေးခြင်းဖြစ်ကြောင်း။

မစ္စတာဂမ်ဘာရီနှင့်အဖွဲ့ ယခုကဲ့သို့လာရောက်ခြင်းကို မိမိတို့ကြိုဆိုကြောင်း၊ အကြိမ်ကြိမ် တွေ့ဆုံကြပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ရင်းနှီးသည့် မိတ်ဆွေတစ်ဦးအဖြစ် သဘောထားကြောင်း။

ရည်ရွယ်ချက်

ဤခရီးစဉ်နှင့်ပတ်သက်ပြီး မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံသို့ရောက်စကပင် မစ္စတာဂမ်ဘာရီ၏ ဆန္ဒနှင့် ရည်ရွယ်ချက်တို့ကို နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား ပြောပြခဲ့ပြီးဖြစ်၍ မိမိတို့သိရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မစ္စတာဂမ်ဘာရီ၏ ယခုခရီးစဉ်အတွင်း အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့တို့သာမက အစိုးရမဟုတ်သော NGO အဖွဲ့များ၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ပါတီအဖွဲ့ခေါင်းဆောင်များ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအဖွဲ့များ၊ UN ဌာနေကိုယ်စားလှယ်အဖွဲ့များနှင့် အခြားတွေ့သင့်တွေ့ထိုက်သူများအား တွေ့ဆုံပေးခဲ့ကြောင်း။

တိတိကျကျ

မစ္စတာဂမ်ဘာရီ အနေဖြင့်လည်း ယင်းအဖွဲ့များနှင့် အကြိမ်ကြိမ်တွေ့ပြီးဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေ၊ မိမိတို့နိုင်ငံ၏ သဘောထားနှင့် မိမိတို့သွားမည့်လမ်းကြောင်းကို တိတိကျကျသိရှိပြီးဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် အချိန်အခါအရ မိမိတို့နိုင်ငံအတွက် အကောင်းဆုံးလမ်းစဉ်ကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်ကို အဆွေတော်အနေဖြင့် နားလည်သဘောပေါက်မည်ဟု ယူဆကြောင်း။

မိမိတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံအတည်ပြုပေးထားသော ပြည်သူအများစု၏ ဆန္ဒကို ဦးစားပေးအလေးထားပြီး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ သို့သော် နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေပေါ်ထွက်လာသည့်အခါ ဆန့်ကျင်ဘက်လူနည်းစုအတွက်လည်း ဥပဒေနှင့်အညီ နိုင်ငံရေးတံခါးပေါက်များကို ဖွင့်ပေးထားမှာဖြစ်ကြောင်း၊ တိုင်းပြည်အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ချင်သည်ဆိုလျှင် ဖွင့်ပေးထားသည့် ဤတံခါးပေါက်များက ဝင်လာကြရန်ပင်ဖြစ်ကြောင်း၊ ၎င်းတို့ဝင်လာအောင် မစ္စတာဂမ်ဘာရီအနေဖြင့် တိုက်တွန်းပေးဖို့ပဲရှိကြောင်း။

ပြီးခဲ့သည့်ခရီးစဉ်၌ မစ္စတာဂမ်ဘာရီ ပြောခဲ့သည့် အချက်များနှင့် ပတ်သက်ပြီး လုပ်နိုင်သည်များကို မိမိတို့လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်သင့်သည်များကိုလည်း မိမိတို့အနေဖြင့် မည်သူ့တိုက်တွန်းချက်မျှ မလိုဘဲ ဆက်လုပ်သွားမှာဖြစ်ကြောင်း၊ ဝန်ကြီးများနှင့် တွေ့ဆုံစဉ် ဖြစ်နိုင်ခြေရှိသည့် ကိစ္စများကိုလည်း ချပြဆွေးနွေးထားပြီးဖြစ်ကြောင်း။

တစ်ဖက်ကလည်း ဖြစ်ချင်တာတွေကိုချည်း တောင်းဆိုနေမည့်အစား လုပ်ပေးသင့်သည်များကို အရင်လုပ်ပေးရန်လိုကြောင်း၊ တကယ်တမ်း မြန်မာနိုင်ငံကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံရေးတည်ငြိမ်စေချင်သည်ဆိုလျှင် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကို အရင်ဖယ်ရှားပေးရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း။

ထိခိုက်

မစ္စတာဂမ်ဘာရီနှင့် တွေ့ဆုံခဲ့သည့် ဝန်ကြီးတစ်ဦး ထောက်ပြသွားသကဲ့သို့ စီးပွားရေးပိတ်ဆို့မှုသည် လူ့အခွင့်အရေးနှင့် အလုပ်အကိုင်အခွင့်အရေးကို ဆုံးရှုံးစေကြောင်း၊ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းများကို ထိခိုက်စေကြောင်း၊ ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်မှုကို ဟန့်တားနှောင့်ယှက်ရာလည်းကျကြောင်း၊ လူသားချင်းစာနာမှု ကင်းမဲ့

မိမိတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံအတည်ပြုပေးထားသော ပြည်သူအများစု၏ဆန္ဒကို ဦးစားပေးအလေးထားပြီး ဆောင်ရွက်သွားရမှာဖြစ်၊ သို့သော် နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေပေါ်ထွက်လာသည့်အခါ ဆန့်ကျင်ဘက်လူနည်းစုအတွက်လည်း ဥပဒေနှင့်အညီ နိုင်ငံရေးတံခါးပေါက်များကို ဖွင့်ပေးထားမှာဖြစ်၊ တိုင်းပြည်အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ချင်သည်ဆိုလျှင် ဖွင့်ပေးထားသည့် ဤတံခါးပေါက်များက ဝင်လာကြရန်ပင်ဖြစ်၊ ၎င်းတို့ဝင်လာအောင် မစ္စတာဂမ်ဘာရီ အနေဖြင့် တိုက်တွန်းပေးဖို့ပဲရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် Mr. Gambari တို့ ဒုတိယအကြိမ်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari အား ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ပြန်ကြား ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ကျော်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်နှင့် သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက် ကြသည်။

ဒုတိယအကြိမ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူး အကြံပေးပုဂ္ဂိုလ် Mr. Gambari တို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ငါးထပ်ဆောင်ဧည့်ရိပ်သာ၌ ဒုတိယအကြိမ် တွေ့ဆုံကြသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari နှင့် အရွေးချယ်ခံ တစ်သီးပုဂ္ဂလများ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင် မြင့်တို့ တက်ရောက်ကြသည်။

သီးခြားစီတွေ့ဆုံ

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Gambari သည် နံနက်ပိုင်းကလည်း အရွေးချယ်ခံ တစ်သီးပုဂ္ဂလများနှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ သီးခြားစီတွေ့ဆုံခဲ့သည်။

ထို့နောက် Mr. Gambari သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရတနာသီရိဝိစခရမ်မာနာရာကာထံသို့ ဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရာလည်းရောက်ကြောင်း၊ ကုလသမဂ္ဂ၏ ဆင်းရဲမွဲတေမှု လျှော့ချရေး ရည်မှန်း ချက်ကိုလည်း ပျက်ပြားစေကြောင်း။

စီးပွားရေးပိတ်ဆို့မှုများ၊ လူ့အခွင့်အရေး ဆုံးရှုံးထိခိုက်စေသည့် ဗီဇာ ပိတ်ပင်ထားမှုများကို ကုလသမဂ္ဂအနေဖြင့် ဖယ်ရှားအောင် ဦးစွာကြိုးပမ်း သင့်ကြောင်း၊ ခင်မင်ရင်းနှီးသည့် မိတ်ဆွေတစ်ဦးအနေဖြင့် ဥပမာ ခိုင်းနှိုင်းပြရ လျှင် ခြေနှစ်ဖက်ကို ကြိုးများဖြင့် ချည်နှောင်ထားပြီး မြန်မြန်ပြေးခိုင်းသည်နှင့် တူနေကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်း ဆောင်ရွက်သောအားဖြင့် လုပ်သင့်သည်များ၊ လုပ်နိုင်သည်များကို ကြိုးပမ်း ဆောင်ရွက်သွားမှာပဲဖြစ်ကြောင်း။

မှတ်သားထား

အထွေထွေအတွင်းရေးမှူးချုပ်၏ ခရီးစဉ်နှင့်ပတ်သက်ပြီး အခြေအနေနှင့် အချိန်အခါပေါ် မူတည်ကြောင်း၊ ဤခရီးစဉ်ကိစ္စ မိမိတို့မှတ်သားထားပြီး အခြေအနေနှင့် အချိန်အခါပေါ်မူတည် စဉ်းစားသွားမည်ဖြစ်ကြောင်း။

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ သက်တမ်း ဆက်လက်တိုးမြှင့်ပေးရေးနှင့် ပတ်သက်၍ မိမိတို့စဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရေး ဝန်ကြီးနှင့် ဆွေးနွေးခဲ့သည်များရှိရာ ၂၀၀၉ခုနှစ် ဇွန်လကုန်အထိ စောင့်ကြည့် မည်ဖြစ်ကြောင်း၊ နောက်ပိုင်း လိုအပ်သည်များရှိပါက လိုအပ်သကဲ့သို့ ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကူညီပံ့ပိုး

ယင်းနောက် မစ္စတာဂမ်ဘာရီက ပြန်လည်ပြောကြားရာ၌ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် လက်တွဲဖက် (Partner)အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းကြွယ်ဝစည်းလုံးပြီး ဒီမိုကရေစီထွန်းကားသော နိုင်ငံတစ်ခုဖြစ်ရန် ထိုက်တန်ပါကြောင်း၊ နိုင်ငံနှင့်ပြည်သူအားလုံးတို့၏ လိုအပ် ချက်လည်း ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အောင်မြင်မှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ထပ်မံ ပြောကြားရာတွင် ကျေးဇူးတင်ရှိပါကြောင်း၊ အတိတ်ကာလက မြန်မာနိုင်ငံ၏ နိုင်ငံရေးအောင်မြင်မှုများကို မစ္စတာဂမ်ဘာရီအနေဖြင့် တစ်ခုပြီးတစ်ခု တွေ့ရ သကဲ့သို့ အနာဂတ်တွင်လည်း ဆက်လက်တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိုင်ငံရေးနှင့်စီးပွားရေး ဆက်စပ်မှုရှိနေကြောင်း၊ စီးပွားရေးတည်ငြိမ်လျှင် နိုင်ငံရေး တည်ငြိမ်မည်ဖြစ်ကြောင်း၊ မိမိတို့၏ အခြေအနေမှာ အခက်အခဲ အမျိုးမျိုးကြားမှ ကြိုးစားနေရခြင်းဖြစ်ကြောင်း၊ စောစောက မိမိပြောကြား သကဲ့သို့ ခြေထောက်နှစ်ဖက်ကိုကြိုးတုပ်ပြီး ပြေးခိုင်း၍မရကြောင်း၊ ကြိုးဖြေ ပေးရန် လိုအပ်ကြောင်း။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်များအားလုံး ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဆုမွန်ကောင်းတောင်း

မစ္စတာဂမ်ဘာရီအားလည်း နှစ်သစ်တွင် ကျန်းကျန်းမာမာရှိရန်၊ လမ်းခရီး ဖြောင့်ဖြူးစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုအထူးမျက်နှာဖုံးဆောင်းပါးပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၃

'ညီညွတ်ကြပါစို့ စည်းလုံးကြပါစို့' ပြည်ထောင်စုနေ့အထိမ်းအမှတ် အဖြစ် နိုင်ငံရေး သမားဟောင်းကြီးများ၊ နိုင်ငံတကာရေးရာ လေ့လာသူများ၊ သမိုင်းပညာရှင်ကြီးများ ပြည်ထောင်စုသမိုင်းနောက်ခံ သုံးသပ်ချက်များ ပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ်(၆) ထွက်ရှိလာသည်။

ထို့အပြင် မြန်မာ့ပထမဆုံး လိပ်ပြာဥယျာဉ်ကြီး တည်ဆောက်မည်၊ သွေးကြောသွင်း ဆေးရည် ဘူးသုံးသိန်း လစဉ်ထုတ်လုပ်နေ၊ ကမ္ဘာ့ရှားပါး မျိုးစိတ် ဇရာဝတီလင်းပိုင်များ ကာကွယ်စောင့်ရှောက်မှု ၂၀၁၀တွင် စတင်မည်၊ စင်ကာပူသို့ S-pass လျှောက်သည့် မြန်မာကျောင်းသားများ ၅၀ ရာခိုင်နှုန်းခန့် ပယ်ချခံရ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရန် တိုင်းသုံးတိုင်းတွင် သုံးနှစ်ရှေ့ပြေးစီမံကိန်း ဆောင်ရွက်မည်၊ အာဆီယံဒေသနှင့် တိုက်ရိုက် ချိတ်ဆက်မည့် ထားဝယ်-မြိတ် ရထားလမ်း စတင်ဖောက်လုပ်၊ ပြောရေး ဆိုခွင့်ရပ်ကွက်မှ 'ပရိသတ်များနှင့် အကယ်ဒမီရင်ခုန်သံ' အကြောင်း၊ 'မေသက်ခိုင်နှင့် တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့တာလေးတွေ' ဖျော်ဖြေရေး သတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု လျှော့ချသည့်တိုင် ကမ္ဘာ့ ရာသီဥတု ပြောင်းလဲမှု နှစ်ပေါင်း ၁၀၀၀ ကြာအထိ နဂိုအတိုင်း ပြန်မဖြစ် နိုင်၊ စင်ကာပူသည် စီးပွားရေး အကျပ်အတည်းကာလတွင် တောင့်တင်း ခိုင်မာသော အနေအထားတွင်ရှိ၊ အိုဘားမားသည် ပထမသက်တမ်းထက် ပိုနေရလိမ့်မည်မဟုတ်ဟု ကျူးဘားသမ္မတဟောင်း ဖီဒယ်ကတ်စထရိုပြော၊ အိုဘားမားက ပထမဆုံးအလေးထားရမည့် ပြည်တွင်းရေးနှင့် အမျိုးသား လုံခြုံရေးဆိုင်ရာ မူဝါဒအချို့ချမှတ်၊ အမျိုးသားများ ယာယီဥယျာဉ်မှူး ဝင်လုပ်ခြင်းဖြင့် ပန်းသေပန်းညှိုးရောဂါကာကွယ်နိုင်၊ လူဝံမကြီး၏ သားအိမ် တွင်းမှ အဖုအကျိတ်ကို အောင်မြင်စွာခွဲစိတ်ကုသပေးခဲ့၊ 'ခင်ပွန်းဖြစ်သူက အင်တာနက်ဝက်ဘ်ဆိုက် ကိုယ်ရေး စာမျက်နှာတွင် အိမ်ထောင်မရှိဟု ပြင်ဆင်ပြောင်းလဲ ဖော်ပြသော ဇနီးသည်အားသတ်' မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ 'ပြောရဦးမယ် သူတို့က ဒီလိုတဲ့' ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

တာမွေမြို့နယ် အထက(၁)၌ ၁၉၉၄ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်၅၅နှစ်ပြည့် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော် ဝါရီ၁၂ရက် (ကြာသပတေးနေ့) မွန်းတည့်၁၂နာရီတွင် အဆိုပါကျောင်း ပင်လုံ ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားများအားလုံး ပါဝင်တက် ရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါက်တာသိန်းစိုး ဖုန်း-၀၉-၅၀၂၂၄၁၂၊ ကိုသက်နိုင်-မမီမီစိုး ဖုန်း-၀၉-၅၁၆၃၀၀၆၊ ၅၄၆၉၈၈၊ ကိုအောင်ကြည် ဖုန်း-၀၉-၅၀-၁၃၃၂၂၊ မမြတ်မြတ်ခိုင် ဖုန်း-၅၄၀၃၄၂၊ ကိုမောင်မောင်ကြည် ဖုန်း-၅၄၄၈၄၃၊ မနီနီလေးမြင့် ဖုန်း-၀၉-၅၁-၆၀၀၁၆နှင့် ကိုခင်မောင်သောင်း ဖုန်း-၅၄၂၁၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အနာဂတ်၌ လေယာဉ်များ သဘာဝစွမ်းအင်ကိုသုံးစွဲမည်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

အနာဂတ်ကာလတွင် စက်သုံးဆီကို လုံးဝအသုံးမပြုသော ဂျက်လေယာဉ်များ ထုတ်လုပ်မည်ဖြစ်ပြီး ယင်း လေယာဉ်များသည် လေ၊ ရေ၊ နေရောင်ခြည်ကဲ့သို့ သဘာဝစွမ်းအင်များကိုသာ အသုံးပြုပျံသန်းရန် နာဆာ သုတေသနပညာရှင်များက စမ်းသပ်တီထွင်ထုတ်လုပ်နေပြီဖြစ်သည်။

စမ်းသပ်

ရေနံ၊ ဓာတ်ဆီနှင့် လောင်စာဆီများ ထုတ်ယူနိုင်စွမ်း တဖြည်းဖြည်း လျော့ကျလာချိန်သည် အနာဂတ်အချိန်အခါ၌ သဘာဝမှရရှိသော စွမ်းအင်များဖြင့်သာသုံးစွဲရန် သုတေသန ပညာရှင်များက စမ်းသပ်နေကြခြင်းဖြစ်သည်။

ယခု စမ်းသပ်နေသည့် လေယာဉ် ပျံသန်းမှုမှာ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့မှ ရယူသော စွမ်းအင်ဖြစ်ပြီး လေယာဉ်ဆီသို့မဟုတ် အခြားအစားထိုး စက်သုံးဆီများ မဟုတ်ကြောင်း၊ ပေါင်းစပ်စွမ်းအင်တစ်မျိုးဖြစ်ကြောင်း သိရသည်။

ပေါင်းစပ်

ကျောက်မီးသွေးကို သဘာဝဓာတ်ငွေ့ဖြင့် ပေါင်းစပ်လိုက်သည့်အခါ ထွက်ပေါ်လာသောစွမ်းအင်ဖြင့် လေယာဉ်အင်ဂျင်ကို လည်ပတ်စေကာ ဝေဟင်၌ပျံသန်းစေခြင်းဖြစ်သည်။ ကာဗွန်မိုနောက်ဆိုဒ်နှင့် ဟိုက်ဒရိုဂျင်တို့ ပေါင်းစပ်မှုကြောင့် ထွက်ပေါ်လာသည့် စွမ်းအင်မျိုးလည်း ဖြစ်သည်။

စီစဉ်နေ

ယခုကဲ့သို့စွမ်းအင်ဖြင့် လေယာဉ်ပျံသန်းမှုကို စီးပွားဖြစ်လုပ်ဆောင်နိုင်မှုမှာ ဆယ်စုနှစ်တစ်စုတာကာလခန့် ကြာနိုင်သော်လည်း ထိုသို့သော စွမ်းအင်ထုတ်ယူမှုစက်ရုံကို တည်ဆောက်သွားရန်လည်း စီစဉ်နေပြီဖြစ်သည်။

ကြိုးစားနေ

နာဆာသုတေသနပညာရှင်များအနေဖြင့် အနာဂတ်ကာလတွင် အာကာသယာဉ်များ၌ ထည့်သွင်းအသုံးပြုနိုင်သည့် စက်သုံးဆီမဟုတ်သော သဘာဝစွမ်းအင်များကို ထုတ်ယူနိုင်အောင် သုတေသနပြုရှာဖွေနေပြီဖြစ်ရာ ကုန်ကျမှု အနည်းဆုံးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအလျော့နည်းဆုံးဖြစ်အောင် ကြိုးစားနေကြခြင်းဖြစ်သည်။

အရည်အသွေး

ယခုစမ်းသပ်ထုတ်လုပ်ထားသည့် ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ပေါင်းစပ်မှုဖြင့်ရရှိသော စွမ်းအင်သည် မူလအသုံးပြုနေသော လေယာဉ်ဆီများကဲ့သို့ အရည်အသွေးရှိကြောင်း၊ လေယာဉ်အင်ဂျင်ကို ထိခိုက်မှုတစ်စုံတစ်ရာ မရှိနိုင်ကြောင်း နာဆာသုတေသန ပညာရှင်များက ပြောကြားသည်။

သို့သော် ယခုစမ်းသပ်မှုမှာ လိုအပ်ချက် အချို့ရှိနေကြောင်း၊ ရာနှုန်းပြည့် အောင်မြင်မှုရရှိစေရန် ဆက်လက် သုတေသနပြုရန် လိုအပ်ကြောင်း နာဆာသုတေသန ပညာရှင်များက ပြောကြားသည်။ ။

(အင်တာနက်)

ဒီမိုကရေစီကို ပကတိအရှိတရားပေါ်အခြေခံပြီး ဖော်ဆောင်ရမှာဖြစ် အရှိတရားကို ကျော်လွန်ဖော်ဆောင်လျှင် အကျိုးထက် အပြစ်က ပိုများတတ်

ယခုအခါ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းမှန်ပေါ် မြန်မာနိုင်ငံရောက်ရှိနေ ဒီအခြေအနေကနေ နောက်ပြန်လှည့်ရန် ကြိုးပမ်းခြင်းဟာ ဘယ်လိုမှ အကျိုးမရှိနိုင်

ဒီမိုကရေစီဖော်ဆောင်ရေး မြန်မြန်ပြီးမြောက်အောင်မြင်အောင် နိုင်ငံတကာကပါ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းရမည့်အချိန်ရောက်ပြီ

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ငါးထပ်ဆောင်ဧည့်ရိပ်သာ၌ ဒုတိယအကြိမ် တွေ့ဆုံခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှေးဦးစွာ ရှင်းလင်းဆွေးနွေးသည်။

ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်

ယခု လာရောက်တဲ့ခရီးစဉ်ဟာ အဆွေတော်အနေနဲ့ ကျွန်တော်တို့နိုင်ငံကို (၇)ကြိမ်မြောက် လာရောက်ခြင်းဖြစ်ပါတယ်။ အဆွေတော်အနေနဲ့ ယခုလို အကြိမ်ကြိမ်လာရောက်ပြီး လေ့လာထိတွေ့ ဆွေးနွေး အမြင်ဖလှယ်ခွင့်များ ရရှိခဲ့ပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူများရဲ့လိုလားချက် စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လောက်ပြီလို့ ယုံကြည်မိပါတယ်။ ဒီလိုနားလည်တာနှင့်အညီ ပြည်သူများရဲ့လိုလားချက်၊ ဖြစ်ပေါ်နေတဲ့ ပကတိအရှိတရားတို့ကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်မှသာ အဆွေတော်ရဲ့ အကျိုးဆောင်မှုအခန်းကဏ္ဍဟာ ဆက်လက်ရှင်သန်နိုင်ပြီး အောင်မြင်မှုရရှိနိုင်မှာဖြစ်ပါတယ်။

ခွင့်ပြုပေးခဲ့

ယခုအခေါက်ခရီးစဉ်အတွင်းမှာ အဆွေတော်အနေနဲ့ ကျွန်တော်တို့အဖွဲ့အပြင် နယ်ပယ်ကဏ္ဍစုံက တွေ့သင့်တွေ့ထိုက်သူများအားလုံးကို တွေ့ခဲ့ပြီးဖြစ်ပါတယ်။ အဆွေတော် တွေ့ဆုံလိုတဲ့သူများနဲ့ တွေ့ဆုံနိုင်အောင်လည်း ခွင့်ပြုစီစဉ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အထူးသဖြင့် အဆွေတော်ကလည်း တောင်းဆို၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း တောင်းဆိုခဲ့တာကြောင့် အဆွေတော်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD CEC တို့ကို တစ်ပေါင်းတည်းတွေ့ဆုံနိုင်အောင် စီစဉ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ အလားတူ SNLD နဲ့ တွေ့ဆုံလိုတာကိုလည်း တွေ့နိုင်အောင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် တွေ့ဆုံရေးနဲ့ ပတ်သက်ပြီး အဆွေတော်ရဲ့ အခြားပြောင်းလဲအဆိုပြုချက်များအတိုင်းလည်း လိုက်လျောစီစဉ်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဒီနေရာမှာ ဒီမိုကရေစီသဘောအရ အများစုရဲ့ဆန္ဒကို အနည်းစုက လက်ခံကြရမှာ ဖြစ်ပါတယ်။ အများစုက အတည်ပြုထားတဲ့ အခြေခံဥပဒေကို သဘောမတူတဲ့ အနည်းစုရဲ့ဆန္ဒကြောင့် ပြန်လည်သုံးသပ်ပြင်ဆင်ပေးဖို့ဆိုတာ ဒီမိုကရေစီနည်းလမ်းမကျပါဘူး။ ထို့အတူ ဖြစ်လည်း မဖြစ်နိုင်ပါဘူး။ ဒီမိုကရေစီကို ကြိုက်တယ်၊ လိုလားတယ်ဆိုရင် ဒီမိုကရေစီရဲ့ အနှစ်သာရကို လက်ခံကြရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြည်သူအများစုရဲ့ Mandate နှင့် အညီ ဒီမိုကရေစီဖော်ဆောင်မှုကို မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပဲဖြစ်တယ်ဆိုတာ အလေးအနက်ပြောကြားလိုပါတယ်။

ဆက်လက်ပြီး ၁-၂-၂၀၀၉ ရက်နေ့ တွေ့ဆုံစဉ်က အဆွေတော် အဆိုပြုတင်ပြခဲ့တဲ့ တင်ပြချက်များနဲ့ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းပြောကြားလိုပါတယ်။

လမ်းဖွင့်ဖိတ်ခေါ်

အဆွေတော် အဆိုပြုခဲ့တဲ့ နိုင်ငံတော်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံဆွေးနွေးရေးကိစ္စနဲ့ ပတ်သက်ပြီး ထပ်မံရှင်းပြရရင် ကျွန်တော်တို့ဘက်ကတော့ တွေ့ဆုံဆွေးနွေးရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ထားပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကျွန်တော်တို့ရဲ့ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း အဆွေတော်လာရောက်သည့် ခရီးစဉ်တိုင်းမှာ အကြိမ်ကြိမ်ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့အခေါက် အဆွေတော် ပြန်သွားပြီးနောက်ပိုင်းမှာလည်း ကျွန်တော်တို့ဘက်က တွေ့ဆုံဆွေးနွေးရန် နှစ်ကြိမ် အဆိုပြုခဲ့ပါတယ်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်ဘက်က လက်မခံတဲ့အတွက် တွေ့ဆုံနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့ (၄-၁၀-၂၀၀၇)ရက်စွဲဖြင့် အစိုးရအဖွဲ့ရဲ့ ကြေညာချက်အမှတ် ၁/၂၀၀၇ ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ မြန်မာနိုင်ငံအား စီးပွားရေးအဆက်အသွယ်ဖြတ်တောက်ရေးအပါအဝင် အလုံးစုံ ပိတ်ဆို့ရေးဆိုတဲ့ ဆောင်ရွက်ပိတ်ဆို့မှုလေးချက်ကို စွန့်လွှတ်ကြောင်း ကြေညာရန်နဲ့ အဲဒီလိုကြေညာမယ်ဆိုရင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် သူမနှင့် တိုက်ရိုက်တွေ့ဆုံမှာဖြစ်ကြောင်း အတိအလင်း လမ်းဖွင့်ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သူမဘက်က တရားဝင်ပြန်ကြားချက် တစ်စုံတစ်ရာမျှ ရရှိခဲ့ခြင်း မရှိခဲ့ပါဘူး။

နှစ်ဖက် တွေ့ဆုံဆွေးနွေးရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်အစိုးရဘက်က Initiative သုံးနိုင်တာမှန်ပေမယ့် တကယ်တမ်းကျတော့ တွေ့ဆုံဆွေးနွေးရေးဆိုတာ တစ်ဖက်တည်းကပဲ လုပ်နေလို့မရနိုင်ပါဘူး။ နှစ်ဖက်စလုံးက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမှာဖြစ်ပါတယ်။ ထို့အတူ **ဆွေးနွေးမှုဟာ ပကတိဖြစ်တည်နေတဲ့ အရှိတရား reality အပေါ် အခြေခံရပ်တည်ဆောင်ရွက်မှသာ လက်တွေ့ကျပြီး အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အရှိတရား reality ကို အခြေမခံဘဲ မဖြစ်သင့်၊ မဖြစ်နိုင်တာကို အခြေခံရပ်တည် တောင်းဆိုနေရင်တော့ အောင်မြင်နိုင်မှာမဟုတ်ဘူးဆိုတာ ပြောကြားလိုပါတယ်။**

စဉ်းစားဆောင်ရွက်

နောက်တစ်ချက်က ကျွန်တော်တို့နိုင်ငံတော်အစိုးရအနေနဲ့ အကျဉ်းသားပေါင်း ၉၀၀၀ ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး အဆွေတော်အနေနဲ့ ကျေးဇူးတင်ပါကြောင်းနှင့် ကျန်ရှိတဲ့ နိုင်ငံရေးအကျဉ်းသားများကို အခါအားလျော်စွာ ဆက်လက်လွတ်ငြိမ်းခွင့်ပြုပါရန် တိုက်တွန်းတောင်းဆိုခဲ့ပါတယ်။ **နိုင်ငံတော်အစိုးရဟာ ဥပဒေဖောက်ဖျက်ကျူးလွန်သူများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နေရသော်လည်း အခြားတစ်ဖက်က သဘောထားကြီးကြီးထားပြီး စိတ်နှလုံးကောင်းနှင့်ယှဉ်ကာ သူတို့ရဲ့ပြစ်ဒဏ်များ လျှော့ပေါ့ရေးကို အမြဲတမ်း စဉ်းစားဆောင်ရွက်ပေးလျက်ရှိပါတယ်။**

ဒါ့အပြင် နှစ်ရှည် ထောင်ဒဏ်ကျခံနေရသူများနှင့် ပတ်သက်ပြီး ၄င်းတို့ရဲ့ ပြစ်ဒဏ်များအပေါ် ပြန်လည်စဉ်းစားပေးပါရန် အဆွေတော်အနေနဲ့ အဆိုပြုတိုက်တွန်းခဲ့ပါတယ်။ ထောင်ဒဏ်ကျခံရတဲ့သူတွေနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် သက်ဆိုင်ရာတရားရုံးများက ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါတယ်။ ပြစ်ဒဏ်ကျခံနေရသူတွေအနေနဲ့လည်း ပြဋ္ဌာန်းထားတဲ့ တရားဥပဒေများနှင့်အညီ အယူခံပိုင်ခွင့်ရှိပြီးသားဖြစ်ပါတယ်။ သက်ဆိုင်ရာပုဂ္ဂိုလ်က ဥပဒေနှင့်အညီ အယူခံတင်သွင်းလာမယ်ဆိုရင် ဆိုင်ရာတရားရုံးတွေကလည်း ဥပဒေနှင့်အညီ ပြန်လည်စဉ်းစားဆောင်ရွက်ပေးသွားမှာသာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကြိုတင်ဆောင်ရွက်

နောက်တစ်ချက်က ၂၀၁၀ ပြည့်နှစ်မှာ အထွေထွေရွေးကောက်ပွဲ ကျင်းပတော့မှာဖြစ်တဲ့အတွက် လက်ရှိ ဘာတွေလုပ်နေပြီ၊ ဘယ်တော့မှာ ဘာတွေလုပ်မယ်ဆိုတဲ့ အစီအစဉ်ကို သိလိုပါကြောင်း အဆွေတော်အနေနဲ့ စိတ်ဝင်တစား မေးမြန်းခဲ့တာကို တွေ့ရှိခဲ့ပါတယ်။ **(၂၀၁၀)ပြည့်နှစ် ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နိုင်ငံရေးပါတီဆိုင်ရာဥပဒေများ ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ဖွယ်ကိစ္စများအားလုံးကို ကြိုတင် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ သင့်လျော်တဲ့အချိန်ကျရင် ထုတ်ပြန်ပေးသွားမှာသာ ဖြစ်ပါတယ်။ ယင်းပြဋ္ဌာန်းလိုက်တဲ့ ဥပဒေများနှင့်အညီ ပါတီထူထောင်ခွင့်၊ စည်းရုံးခွင့်၊ ရွေးချယ်ခံပိုင်ခွင့်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိကြမှာပဲ ဖြစ်ပါတယ်။**

(၂၀၁၀)ပြည့်နှစ် ရွေးကောက်ပွဲအတွက် နည်းပညာအကူအညီပေးရေးနှင့် ပတ်သက်ပြီး အဆွေတော်ရဲ့ပြောကြားချက်မှာ သက်ဆိုင်ရာနိုင်ငံက မိမိရဲ့ လိုအပ်ချက်ကို ဦးစွာ အဆိုပြုရန်လိုတယ်ဆိုတဲ့ လုပ်ထုံးလုပ်နည်းကို ရှင်းပြခဲ့ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဖွဲ့စည်းပြီးသွားတဲ့အခါမှာ အဲဒီကော်မရှင်အနေနဲ့ ရွေးကောက်ပွဲအတွက် အထောက်အကူပြု နည်းပညာလိုအပ်ချက်များရှိပါက ဆက်သွယ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဆက်သွယ်ဆောင်ရွက်နိုင်

အဆွေတော်အနေနဲ့ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား အကျိုးဆောင်မှုလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်ရေးအတွက် ပုံမှန်ဆက်သွယ်ရေးစနစ် ထူထောင်ရန်နဲ့ အဆွေတော် (သို့မဟုတ်) အဆွေတော်ရဲ့ ဝန်ထမ်းတစ်ဦး မြန်မာနိုင်ငံသို့ ပုံမှန်လာရောက်ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး လူကိုယ်တိုင်လာရောက်

စာမျက်နှာ ၁၁ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် **Mr. Ibrahim Agboola Gambari** တို့ ရန်ကုန်မြို့ ငါးထပ်ဆောင်ဧည့်ရိပ်သာ၌ ဒုတိယအကြိမ် တွေ့ဆုံခဲ့ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ဆောင်ရွက်တဲ့ နည်းလမ်းသာမက အခြားသော နည်းလမ်းများနဲ့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဥပမာ မြန်မာနိုင်ငံမှာရှိနေတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်သလို ကုလသမဂ္ဂမှာရှိနေတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့က တစ်ဆင့်လည်း ဆောင်ရွက်နိုင်ပါတယ်။ ဒါ့အပြင် လိုအပ်တဲ့အခါမှာလည်း အဆွေတော်ကိုယ်တိုင်ဖြစ်စေ၊ အဆွေတော်ရဲ့ လက်ထောက်အရာရှိတစ်ဦး ဖြစ်စေ လာရောက်နိုင်အောင် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်ကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ချက်က အထွေထွေအတွင်းရေးမှူးချုပ်အနေနဲ့ မြန်မာနိုင်ငံကို လာရောက်လိုတဲ့ဆန္ဒရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံသို့ အထွေထွေအတွင်းရေးမှူးချုပ် လာရောက်ရေးနဲ့ပတ်သက်ပြီးပြောရရင် အခြေအနေနဲ့ အချိန်အခါပေါ်မှာ မူတည်ပါတယ်။ လောလောဆယ်မှာတော့ အတွင်းရေးမှူးချုပ်ကိုယ်စား အဆွေတော် လာရောက်ဆောင်ရွက်နေပြီဖြစ်တာမို့ အကျိုးဆောင်မှု လုပ်ငန်းများ အဆင်ပြေနေပြီလို့ ယူဆပါတယ်။

ယခုတွေ့ဆုံမှုများသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို နားလည်နိုင်ရန်အတွက် များစွာအထောက်အကူပြုနိုင်ပါကြောင်း၊ မိမိအနေဖြင့် အတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံလျှင် ပြန်လည်တင်ပြသွားမည်ဖြစ်ပါကြောင်း။

ရလဒ်ကောင်း

မိမိခရီးစဉ်၌ လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ရလဒ်ကောင်းများရရှိရန် အမြဲတမ်း တွန်းအားပေးမှုများရှိနေပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်များရရှိခဲ့ခြင်းကို လက်ဆုပ်လက်ကိုင်ပြနိုင်သည့်ရလဒ်အဖြစ် မျှော်လင့်ပါကြောင်း။

ဆွေးနွေးမှုဟာ ပကတိဖြစ်တည်ရှိနေတဲ့အရှိတရား reality အပေါ် အခြေခံရပ်တည်ဆောင်ရွက်မှသာ လက်တွေ့ကျပြီး အောင်မြင်နိုင် အရှိတရား reality ကို အခြေမခံဘဲ မဖြစ်သင့်၊ မဖြစ်နိုင်တာကို အခြေခံရပ်တည် တောင်းဆိုနေရင်တော့ အောင်မြင်နိုင်မှာမဟုတ်

မူဝါဒလမ်းစဉ်(၇)ရပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူများက ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ထောက်ခံမှုနဲ့ တစ်ခဲနက် အတည်ပြုပေးလိုက်ခြင်းဟာ အခြေခံဥပဒေမူကြမ်းကို အတည်ပြုရုံသာမက ဒီမိုကရေစီဖော်ဆောင်မှုကို အခြေခံဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်ဖို့ Mandate ပေးလိုက်ခြင်းဖြစ်ပါတယ်။ ထို့အတူ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် ထောက်ခံအတည်ပြုပေးလိုက်ခြင်းလည်းဖြစ်ပါတယ်။ အခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ရေး ဆန္ဒခံယူရာမှာ ပြည်သူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံခဲ့ကြပြီး ၆ ဒသမ ၁ ရာခိုင်နှုန်းက ကန့်ကွက်ခဲ့ကြပါတယ်။ **ဒီနေရာမှာ ဒီမိုကရေစီသဘောအရ အများစုရဲ့ဆန္ဒကို အနည်းစုက လက်ခံကြရမှာ ဖြစ်ပါတယ်။ အများစုက အတည်ပြုထားတဲ့ အခြေခံဥပဒေကို သဘောမတူတဲ့ အနည်းစုရဲ့ဆန္ဒကြောင့် ပြန်လည်ညှိနှိုင်းပြင်ဆင်ပေးဖို့ဆိုတာ ဒီမိုကရေစီနည်းလမ်းမကျပါဘူး၊ ထို့အတူ ဖြစ်လည်း မဖြစ်နိုင်ပါဘူး၊ ဒီမိုကရေစီကို ကြိုက်တယ်၊ လိုလားတယ်ဆိုရင် ဒီမိုကရေစီရဲ့အနှစ်သာရကို လက်ခံကြရမှာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြည်သူအများစုရဲ့ Mandate နှင့်အညီ ဒီမိုကရေစီဖော်ဆောင်မှုကို မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပဲဖြစ်တယ်ဆိုတာ အလေးအနက်ပြောကြားလိုပါတယ်။**

ဒီဆောင်ရွက်မှုများဟာ မြန်မာပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီဖော်ဆောင်မှုဖြစ်သလို အဆွေတော်တို့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကလိုလားတဲ့ ဒီမိုကရေစီဖော်ဆောင်မှုလည်းဖြစ်ပါတယ်။ ယခုဖော်ဆောင်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ဟာလည်း ဒီမိုကရေစီဖော်ဆောင်ရာမှာ တည်ငြိမ်စွာ၊ အေးချမ်းစွာ အကောင်အထည်ဖော်နိုင်ဖို့ အမှန်ကန်ဆုံး၊ အသင့်မြတ်ဆုံးနဲ့ အန္တရာယ်အကင်းဆုံးနည်းလမ်းပဲဖြစ်ပါတယ်။

တစ်ဆင့်ပြီးတစ်ဆင့်

ဒီမိုကရေစီကို ဖော်ဆောင်ကြရာမှာလည်း ပကတိအရှိတရားကို အခြေခံပြီး ဖော်ဆောင်ကြရမှာဖြစ်ပါတယ်။ ပြီးမှ တစ်ဆင့်ပြီးတစ်ဆင့် ရင့်ကျက်ပြောင်းလဲရတဲ့ သဘောရှိပါတယ်။ ဒီလိုအရှိတရားကို အခြေမခံဘဲ ဆန္ဒနှင့် စိတ်ကူးယဉ်မှုကို အခြေခံပြီး အရှိတရားကို ကျော်လွန်ဖော်ဆောင်မယ်ဆိုရင် အကျိုးထက် အပြစ်က ပိုများတတ်ပါတယ်။ ဒီလိုဖြစ်ခဲ့တဲ့ သင်ခန်းစာများလည်း နိုင်ငံတကာသမိုင်းမှာ အများကြီးရှိခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေဟာ ဒီမိုကရေစီဖော်ဆောင်ရေး လမ်းမှန်ပေါ်ကို ရောက်ရှိနေပြီဖြစ်တဲ့အပြင် **ဒီမိုကရေစီပန်းတိုင်ကို လက်တစ်ကမ်းသာ လိုပါတော့တယ်။ ဒီလို အခြေအနေကနေ နောက်ကိုပြန်လှည့်ရန် ကြိုးပမ်းနေကြခြင်းဟာ ဘယ်လိုမှ အကျိုးမရှိနိုင်ပါဘူး။ နောက်ပြန်လှည့်လို့လည်း မရနိုင်တော့ပါဘူး။ ဒါကြောင့် ဒီမိုကရေစီ ဖော်ဆောင်ရေး မြန်မြန်ပြီးမြောက်အောင်မြင်အောင် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆန့်ကျင်နေသူများရော၊ နိုင်ငံတကာနဲ့ အဆွေတော်တို့ အားလုံးကပါ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရမယ့် အချိန်ရောက်ပြီဆိုတာ အလေးအနက် ပြောကြားလိုပါတယ်။** အဲဒီလို အခြေခံအဆင့် အစပျိုးဆောင်ရွက်ပြီးမှ ဒီမိုကရေစီ ပိုမိုရှင်သန်ထွန်းကားလာအောင်၊ ရင့်ကျက်လာအောင် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒီနည်းလမ်းသာလျှင် လက်ရှိပကတိ အရှိတရားများအရ အမှန်ကန်ဆုံးနဲ့ အသင့်မြတ်ဆုံးနည်းလမ်းဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

Mr. Gambari ၏ ပြန်လည်ရှင်းလင်းပြောကြားချက်

ထို့နောက် Mr. Gambari က ပြန်လည်ရှင်းလင်းပြောကြားရာတွင်-

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်ရေးသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အဓိကမူဝါဒအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ မိမိ၏ (၇)ကြိမ်မြောက်ခရီးစဉ်ကိုလက်ခံပြီး အဘက်ဘက်မှ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်း။

ကျေးဇူးတင်

မြန်မာနိုင်ငံ၏ ဧည့်ဝတ်ကျေပွန်မှု၊ ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ ထို့အပြင် မိမိတို့၏ ပုဂ္ဂိုလ်ရေးခင်မင်မှုကိုလည်း တန်ဖိုးထားပါကြောင်း၊ မိမိ၏ ယခုအခေါက်ခရီးစဉ်အတွင်း တွေ့ဆုံသင့်သည့် ပုဂ္ဂိုလ်များအားလုံးနှင့် တွေ့ဆုံမှုများစွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်း။

အထူးသဖြင့် မြန်မာအစိုးရ၏ သဘောထား ပျော့ပျောင်းမှုကိုပြသပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်များအပါအဝင် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်လည်းကောင်း၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တို့နှင့်လည်းကောင်း တွေ့ဆုံနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်း။

မြန်မာအစိုးရက အကျဉ်းသားများစေလွှတ်ပေးသည့်ကိစ္စအပေါ် အထွေထွေအတွင်းရေးမှူးချုပ်အပါအဝင် ပြည်တွင်းပြည်ပ အားလုံးက ကြိုဆိုခဲ့ကြကြောင်း၊ လူသားချင်းစာနာ ထောက်ထားသည့်ရှုထောင့်မှနေ၍ အကျဉ်းသားများစေလွှတ်မှုကို ဆက်လက် ဆောင်ရွက်ပေးရန် ပန်ကြားလိုပါကြောင်း။

အသိအမှတ်ပြု

ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရေးအတွက် နိုင်ငံတော်အစိုးရဘက်က ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုပါကြောင်း၊ လုပ်သင့်လုပ်ထိုက်သည်များကို ဆက်လက်ဆောင်ရွက်သွားစေလိုပါကြောင်း။

ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဖွဲ့စည်းမှုနှင့် ရွေးကောက်ပွဲဥပဒေအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းပြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ယင်းကိစ္စများဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်သောဖြစ်စဉ် ပေါ်ပေါက်လာရေးအတွက် တိုက်တွန်းလိုပါကြောင်း။

Economic Forum ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့ကြောင်း၊ နောက်တစ်ခေါက် မိမိခရီးစဉ်၌ တန်ပြန်အဆိုပြုချက်များ ယူဆောင်လာမည်ဖြစ်ကြောင်း။

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့

မြန်မာအစိုးရ၏ နာဂစ်အလွန်ကာလ ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်မှု၊ အောင်မြင်တိုးတက်မှုများအတွက် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အတွေ့အကြုံများကို တန်ဖိုးထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ကို နောက်ထပ်သက်တမ်းတိုးရန် အကြံပြုလိုပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အရှည်သဖြင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ထို့အပြင် မိမိ၏ အကျိုးဆောင်မှုအခန်းကဏ္ဍအတွက် မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ရန်လည်း ဆန္ဒရှိပါကြောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားလိုသည့်အချက်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံကို ထပ်မံလာရောက်လိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသည် မွန်းလွဲ ၂နာရီတွင် ပြီးဆုံးခဲ့သည်။ **(သတင်းစဉ်)**

(၂၀၁၀) ပြည့်နှစ် ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ဖွယ်ကိစ္စများအားလုံးကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ သင့်လျော်တဲ့အချိန်ကျရင် ထုတ်ပြန်ပေးသွားမှာသာ ဖြစ်ပါတယ်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်
အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းငွေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား
လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ်	၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ်	၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ်	၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ်	၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ်	၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ် စိုက်ပျိုး အလှတိုး

မိတ္ထီလာ တပ်မတော်ကလေးများ အထက်တန်းကျောင်း ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မိတ္ထီလာမြို့ ယခင် တပ်မတော်ကလေးများ အထက်တန်းကျောင်းတွင် ၁၉၅၆ခုနှစ်မှ ၁၉၆၈ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ဆရာကန်တော့ပွဲကို ယခုနှစ် မတ် ၈ရက်တွင် ကျင်းပမြဲဖြစ်သော ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာကျောင်းတိုက် ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း) ဖုန်း-၀၉-၈၀၃၁၀၁၄၊ ဒေါ်သန်းသန်းအေးမောင် ဖုန်း-၂၁၅၅၀၂၊ ကိုဇော်နေဝင်း ဖုန်း-၂၁၂၁၉၆နှင့် ကိုသောင်းဟန် ဖုန်း-၅၉၀၅၇၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဝင်းသူဇာ (တာမွေ) အရောင်းဆိုင်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ စားသောက်ကုန်လုပ်ငန်း ဝင်းသူဇာအရောင်းဆိုင်(တာမွေ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီက အမှတ် ၆၈ ဖိုးစိန်လမ်း တာမွေမြို့နယ်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆန်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ရောင်းဝယ်ရေးဌာန အထွေထွေမန်နေဂျာ ဦးကျော်ကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးက ဝင်းသူဇာအရောင်းဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များက အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်ရောင်းချ

အဆိုပါ အရောင်းဆိုင်တွင် မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းများလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၁၇၁)



ဇန်နဝါရီ ၂၉ရက် ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ညွှန်ကြားရေးမှူး ဦးတင်ချို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မီး

အစဉ်သတိပြု

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်
Air Bagan F.C နှင့် ကမ္ဘောဇတို့ နိုင်ပွဲရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု-ဘိုဘိုမင်း(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၃

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ Air Bagan F.C နဲ့ ကမ္ဘောဇတို့ အနိုင်ရရှိသွားပါတယ်။

အောင်ဆန်းကွင်း

Air Bagan F.C - သုံးဂိုး
ဆက်သွယ်ရေး - ဂိုးမရှိ

ဂိုးပြတ်အနိုင်

ပထမတန်းကနေ အဆင့်မြင့်တန်းကို တက်ရောက်လာတဲ့ Air Bagan F.C နဲ့ ဆက်သွယ်ရေးအသင်းတို့ ပြန်လည်တွေ့ဆုံကြတဲ့ပွဲပဲ ဖြစ်ပါတယ်။ အခုပွဲမှာတော့ Air Bagan အသင်းဟာ ဆက်သွယ်ရေးအသင်းကို ခြေအသာနဲ့ ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းလည်းသေချာခဲ့တာကြောင့် ဂိုးပြတ်အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ Air Bagan အသင်းဟာ အဆင့်မြင့်တန်းပြိုင်ပွဲမှာ ပထမဦးဆုံးအကြိမ် ဂိုးပြတ်အနိုင်ရရှိခဲ့တဲ့ပွဲလည်း ဖြစ်ပါတယ်။ ဆက်သွယ်ရေးအသင်းကတော့ ရှုံးပွဲဆက်ဆဲဖြစ်ပြီး အဆင့်မြင့်တန်းကို အတူတက်ရောက်ခဲ့တဲ့ Air Bagan ကိုလည်း ထပ်မံရှုံးနိမ့်ခဲ့ပါတယ်။ ဒါကြောင့်မို့ ရှစ်ပွဲကစား ရှစ်ပွဲရှုံးနဲ့ ဇယားအောက်ဆုံးမှာ ရောက်နေတာကြောင့် လက်ကျန်ပွဲတွေကို ရုန်းကန်ရတော့မှာ ဖြစ်ပါတယ်။

ကွင်းလယ်အသာရ

အေးနိုင်၊ ဒေးဗစ်ထန်း၊ တင်ဝင်းအောင်၊ အောင်ခိုင်စိုး၊ အောင်သိုက်၊ မောင်မောင်ကြီး အစရှိတဲ့ အမာခံကစားသမားအများစုကို ပွဲထုတ်ခဲ့တဲ့ Air Bagan အသင်းဟာ ပွဲစကတည်းက ဆက်သွယ်ရေးဘက်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။ လူဟောင်းကြီး အေးနိုင်နဲ့ တင်ဝင်းအောင်တို့ရဲ့ Air Bagan ကွင်းလယ်ဟာ အသာရခဲ့တာကြောင့် ဆက်သွယ်ရေးအသင်း ကစားကွက်ဖော်မရဘဲ တိုက်စစ်ထက် ခံစစ်ကိုသာ ဦးစားပေး ကစားခဲ့ရပါတယ်။ Air Bagan အသင်းဟာ ဖိကစားနိုင်ခဲ့ပေမယ့် အဖွင့်ဂိုးကိုတော့ ၃၁မိနစ်မှာရရှိခဲ့ပါတယ်။ ဒေးဗစ်ထန်း ညာခြမ်းက ဖြတ်ပို့တာကို ပြည့်ဖြိုးအောင်က ပိတ်သွင်းယူခဲ့တာဖြစ်ပြီး အဲဒီဂိုးနဲ့ပဲ ပထမပိုင်းမှာ Air Bagan အသင်း အနိုင်ရနေပါတယ်။

ဒုတိယပိုင်း အစမှာတော့ မောင်မောင်ကြီးအစား နိုင်နိုင်ကိုထည့်ပြီး Air Bagan အသင်း တိုက်စစ် အားမြှင့်ခဲ့ပါတယ်။ ၆၁မိနစ်မှာ လူစားဝင်လာတဲ့ နိုင်နိုင်က Air Bagan အတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း Air Bagan အသင်းက ခြေအသာနဲ့ ဖိကစားနိုင်ခဲ့ပြီး အထူးသဖြင့် ညာခြမ်းက ဒေးဗစ်ထန်းကို ဆက်သွယ်ရေး နောက်တန်း မထိန်းနိုင်ခဲ့တာကြောင့် Air Bagan အသင်း အခွင့်အရေးပိုရခဲ့ပါတယ်။ ၇၂ မိနစ်မှာ Air Bagan အသင်း တတိယဂိုးရသွားပြီး နိုင်နိုင်ပေးတာကို ပြည့်ဖြိုးအောင်က သွင်းယူခဲ့တာဖြစ်ပါတယ်။ ပွဲပြီးခါနီးမှာ ဆက်သွယ်ရေးအသင်း ချေပဂိုးရနိုင်မယ့် အခွင့်အရေး နှစ်ကြိမ်ရခဲ့ပေမယ့် ကျော်စွာအုန်းနဲ့ သုမောင်တို့ အသုံးမချနိုင်ခဲ့တာကြောင့် နှစ်သိမ့်ဂိုးတောင် မရခဲ့ပါဘူး။

သုဝဏ္ဏကွင်း

ကမ္ဘောဇ - နှစ်ဂိုး
ပြည်ထဲရေး - ဂိုးမရှိ

ကမ္ဘောဇအသင်းကတော့ ပြည်ထဲရေးကို အနိုင်ယူပြီး နိုင်ပွဲဆက်ခဲ့ပါတယ်။ ဒါပေမယ့် အနိုင်ဂိုးတွေကို ဒုတိယပိုင်းမှ သွင်းယူနိုင်ခဲ့တာဖြစ်ပြီး စိုင်းကျော်သူရအောင်နဲ့ စိုးမင်းဦးတို့က သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

မြန်မာ့မီးရထား - မြို့တော်စည်ပင်

အောင်ဆန်းကွင်း

ပို့ဆောင်ရေး - ဘဏ္ဍာ/အခွန်။

(မြန်မာ့အလင်း)

Air Bagan မှ ဒေးဗစ်ထန်း၏ ထိုးဖောက်မှုကို ဆက်သွယ်ရေး နောက်ခံလူ ဖျက်ထုတ်ရန်ကြိုးစားစဉ်။

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဇီဝဗေဒ

အခုပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတဲ့အခါ အထောက်အကူပြု လမ်းညွှန်သွားပေးမယ့်သင်ခန်းစာပဲ ဖြစ်ပါတယ်။ ပထမဆုံးပြောလိုတာကတော့ ၂၀၀၈-၂၀၀၉ စာသင်နှစ်ကစလို့ Grade 11 Biology ဖတ်စာအုပ်အသစ်ရဲ့ အချို့အခန်းတွေမှာ စာအပြောင်းအလဲ အနည်းငယ်ရှိတာကို ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျရှုံးခဲ့ပြီး ယခုစာသင်နှစ်မှာ ဇီဝဗေဒ ဘာသာရပ်ကိုပဲ ဆက်လက်ယူကြတဲ့ ကျောင်းသူကျောင်းသားများနဲ့ အပြင်ဖြေ ကျောင်းသူကျောင်းသားများကို သိစေချင်ပါတယ်။

ဇီဝဗေဒဘာသာရပ် သင်ကြားနေကြတဲ့ ကျောင်းသူကျောင်းသားများ အဓိကသဘောပေါက်နားလည်ထားရမှာကတော့ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ Chapter 1 to 12 မှာပါရှိတဲ့ အကြောင်းအရာအားလုံးကို ကျေညက်အောင် သိရှိတတ်မြောက်ထားဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ အဲဒီလိုလေ့လာကျက်မှတ်ထားခြင်းအားဖြင့် မေးခွန်းအားလုံးကို ပိုင်ပိုင်နိုင်နိုင်ဖြေဆိုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသူကျောင်းသားများကို အကြံပြုလိုတာကတော့-

၁။ ဇီဝဗေဒဘာသာရပ်ကို Grade 11 Biology ပါသင်ခန်းစာအားလုံးကို အခန်းတိုင်း ကျေညက်စွာ နားလည်အောင် လေ့လာကျက်မှတ်ရန်။

၂။ Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာ ဝေါဟာရ (Terminology) များကို စာလုံးပေါင်းနှင့်တကွ သေချာစွာ ကျက်မှတ်ထားရန်။

၃။ သရုပ်ဖော်ပုံများနှင့် ဇယားများကိုလည်း နားလည်သဘောပေါက်ရန်နှင့် စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိကသုံးချက်ပဲ ဖြစ်ပါတယ်။

ကိုယ်ကျက်မှတ်ထားတဲ့စာတွေ ဘယ်လောက်ရပြီလဲဆိုတာ ခန့်မှန်းနိုင်ဖို့အတွက် ပြည်နယ်နှင့်တိုင်းများအလိုက် မေးခွန်းဟောင်းများကို လေ့လာပြီးဖြေဆိုကြည့်ကြဖို့လိုပါတယ်။ မေးခွန်းဟောင်းများကို ဖြေဆိုကြည့်မှပဲ မေးခွန်းရဲ့သဘောကို နားလည်ကြမှာပါ။ မေးခွန်းဟောင်းများထဲက မေးခွန်းများဟာ တိုက်ရိုက်ပါတာနည်းပြီး တွေးတောဖြေဆိုရမယ့်မေးခွန်းများ ပိုပါတယ်ဆိုတာ သဘောပေါက်နားလည်ကြစေလို၍ ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာတွေအားလုံးအလွတ်ရနေပေမယ့်လဲ မေးခွန်းအသွားအလာကို နားမလည်ဘူးဆိုရင် ဘယ်လိုဖြေရမယ်ဆိုတာ နားလည်မှာမဟုတ်ပါဘူး။

မေးခွန်းဟောင်းပုံစံကို လေ့လာကြမယ်ဆိုရင်-

1. True / False
2. Completion
3. Short Questions (2 Marks)
4. Short Questions (4 Marks)
5. Long Questions (8 Marks) စသည်တို့ဖြင့် သတ်မှတ်ထားတယ်။

မေးခွန်းတစ်ခုစီမှာ သတ်မှတ်ထားတဲ့ အမှတ်အနေနဲ့ကြည့်မယ်ဆိုရင်-

No. 1 True / False အမျိုးအစားမှာ (20) Statements (1) mark for each statement (20 marks)

No. 2 Completion အမျိုးအစားမှာ (20) Statements (1) mark for each statement (20 marks)

No. 3 Short Questions (2 Marks for each) – a to f ၆ ပုဒ် ပေးထားပြီး Answer All Questions လို့ ဖော်ပြထားတာကြောင့် (၆)ပုဒ်စလုံး ဖြေဆိုရမယ်။ (2×6 = 12)

No. 4 Short Questions (4 Marks for each) – a to e (၅)ပုဒ် ပေးထားတယ်။ Answer ANY FOUR questions လို့ ဖော်ပြထားတယ်။ တစ်နည်းအားဖြင့် (၅)ပုဒ်ပေးထားတဲ့အနက် (၄)ပုဒ် ဖြေဆိုရမယ်- (4×4 = 16 marks)

No. 5 Long Questions (8 Marks for each) – a to f (၆)ပုဒ်ပေးထားတယ်။ ဒီ No.5 မှာလည်း Answer ANY FOUR questions လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ (၄)ပုဒ်ပဲ ဖြေဆိုဖို့ လိုအပ်တယ်။ (4 × 8 = 32 marks)

အမှတ်အရေအတွက်နဲ့ ကြည့်မယ်ဆိုရင်-

No. 1	20 marks
No. 2	20 marks
No. 3	12 marks
No. 4	16 marks
No. 5	32 marks
Total	100 marks ဖြစ်ပါတယ်။

မေးခွန်းနံပါတ် 1 and 2 ကတော့ လုံးဝရွေးချယ်ပိုင်ခွင့် မရှိဘူး။ No. 3 ကျတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် သို့မဟုတ် (OR) ခံထားတဲ့ အမျိုးအစားတွေပါတော့ ရွေးဖို့အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် 4 နဲ့ 5 မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုမိုပြီးရှိတယ်။ သင်ရိုးကုန်ကျေညက်အောင် ကျက်ထားတဲ့သူများအဖို့တော့ အမှတ်ပြည့်လုနီးပါး ဖြေဆိုနိုင်ကြပါလိမ့်မယ်။ Chapter ရွေးကျက်တဲ့သူများအဖို့တော့ True/False, Completion နဲ့ Answer All ဆိုတဲ့ မေးခွန်းတွေကို အားလုံးဖြေနိုင်မှာမဟုတ်ဘဲ မေးခွန်းနံပါတ် 4 နဲ့ 5 ကိုလည်း တော်တော်ကံကောင်းပြီး ကျက်ထားတာတိုးမှ ဖြေနိုင်မှာပါ။

အောင်မြင်ပြီး ဂုဏ်ထူးထွက်တဲ့ ကျောင်းသူကျောင်းသားများဟာ သင်ရိုးကုန်ကို သဘောပေါက်နားလည်အောင် ကျေညက်စွာ ကျက်ထားသူများဖြစ်ပြီး ရိုးရိုးအောင်မြင်သူများကတော့ Chapter ၁၂ ခုလုံးကို စေ့စပ်စွာ ခြုံငုံမှုမရှိ၊ ကျရှုံးသူများကတော့ Chapter ၁၂ ခုမှာ မိမိအတွက် လွယ်ကူတဲ့ Chapter များကိုသာ ကျက်မှတ်ဖြေဆိုကြတယ်လို့ ပေါ်လွင်ပါတယ်။

Biology မေးခွန်းဟောင်းများကိုလေ့လာပြီး မေးခွန်းမှာ Biology ဖတ်စာအုပ်ပါ Chapter (12) ခုမှ အကြောင်းအရာများကို ဘယ်လိုခွဲဝေ မေးထားတယ်ဆိုတာ လေ့လာကြည့်မယ်ဆိုရင်-

No. 1 TRUE / FALSE

Chapter I	i, ii	(2 statements)
Chapter II	iii, iv	(2 statements)
Chapter III	v	(1 statement)
Chapter IV	vi,vii	(2 statements)
Chapter V	viii, ix	(2 statements)
Chapter VI	x,xi	(2 statements)
Chapter VII	xii	(1 statement)
Chapter VIII	xiii, xiv	(2 statements)
Chapter IX	xv, xvi	(2 statements)
Chapter X	xvii	(1 statement)
Chapter XI	xviii, xix	(2 statements)
Chapter XII	xx	(1 statement)

True/False statements များကို chapter (12) ခုလုံးမှ ပါဝင်အောင်ကောက်နုတ်ထားပါတယ်။ Statement များကို Chapter III, VII, X နှင့် XII မှအပ ကျန် Chapter များမှ (2) statements စီကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင့် chapter (8) ခုမှ 2 statements စီ (2x8=16) chapter (4) ခုမှ 1 statement စီ (1x4=4) စုစုပေါင်း (20 marks) အနေနဲ့ chapter အားလုံးခြုံငုံမိအောင် ကောက်နုတ်မေးထားတာ တွေ့ကြပါလိမ့်မယ်။

No. (1) True/False statements များကို ဖြေဆိုဖို့ statement ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် True ဖြစ်ပြီး၊ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကွဲလွဲမှုရှိရင် False ဖြစ်တယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက် ကောက်နုတ်ထားတာရှိသလို Own Construction နဲ့ ပေးထားတဲ့ statement များလည်းရှိတာ တွေ့ရှိကြပါလိမ့်မယ်။ ပေးထားတဲ့ True/False Statement များကို သေသေချာချာ နားလည်အောင်ဖတ်ပါ။ True/False ဖော်ပြချက်တွေမှာ နားလည်သဘောပေါက်မှုကို ဦးစားပေးထားတာက ပထမဖြစ်ပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီး ဝေါဟာရကြွယ်ဝမှုနဲ့ အင်္ဂလိပ်စာ ကျွမ်းကျင်မှုတို့ကိုလည်း ထည့်သွင်းထားပါတယ်။ မဖြေနိုင်လို့ statement များကို False လို့အားလုံး (သို့မဟုတ်) True လို့ အားလုံးရေးသားဖြေဆိုခဲ့ရင်တော့ မိမိဖြေဆိုတဲ့အထဲက ရသင့်တဲ့အမှတ်ရသွားနိုင်လိမ့်မယ်လို့ ကျောင်းသူကျောင်းသားများ ထင်မှတ်ကြရင်တော့ အရမ်းမှားပါလိမ့်မယ်။ အဖြေလွှာစစ်ဆေးသူများအနေနဲ့ အရင်ဆုံးကောက်ချက်ချမှာကတော့ ဒီကျောင်းသူကျောင်းသားများဟာ ကျန်မေးခွန်းများကိုလည်း တိကျစွာ ဖြေဆိုနိုင်ကြမှာ မဟုတ်ဘူးဆိုတာ ဖြစ်ပါလိမ့်မယ်။ ဒါ့အပြင် အမှတ်ပေးစည်းမျဉ်းအရ ထိန်းချုပ်မှု ရှိပါတယ်။ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ စာလုံးထူအမည်းနဲ့ ဖော်ပြထားတဲ့စာလုံးများကို သေသေချာချာ လေ့လာစေချင်ပါတယ်။

No. (2) Completion အမျိုးအစားမှာ ပါဝင်တဲ့ statement များကို No. 1 True/False statements များမှာလိုပဲ Grade 11 Biology Text ထဲမှာပါတဲ့ chapter (12) ခုလုံးမှ ကောက်နုတ်ခွဲဝေ မေးထားပါတယ်။ Completion statement များအတွက်ကတော့ ကွက်လပ်ချန်ထားခဲ့တဲ့နေရာမှာ မှန်ကန်တဲ့ word ကို spelling မှန်မှန်နဲ့ဖြေဆိုပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် spelling များကိုလည်း သတိထားပြီး ရေးသားကျက်မှတ်ကြရပါလိမ့်မယ်။ ရေးသားကျက်မှတ်တတ်တဲ့ အလေ့အထဟာ ကျက်ထားသမျှကို မှတ်မိစေနိုင်တဲ့ နည်းလမ်းကောင်းတစ်ခု ဖြစ်ပါတယ်။

True/False ရွေးချယ်မှုနဲ့ Completion အမျိုးအစားမှာပါတဲ့ statement တိုင်းဟာ Chapter တိုင်းကပါတတ်တာဖြစ်လို့ (၃) ခန်းလောက်လွှတ်ပြီး ကျက်လိုက်တာနဲ့ (၁၀)မှတ်ကနေ (၁၂)မှတ် အထိ နစ်နာသွားနိုင်ပါတယ်။

No. 3 Answer All questions (12) Marks လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့-

a, b, c, d, e, f ရယ်လို့ (၆)ပုဒ်ပေးထားပြီး တစ်ပုဒ်ကို (၂)မှတ်အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲ ဖြစ်ပါတယ်။

No. 3 (2 Marks) အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းမျိုးမှာ Grade 11 Biology text ပါ အကြောင်းအရာများကို-

a.	Chapter	I to IV	မှ	(၁) ပုဒ်
b.	Chapter	V	မှ	(၁) ပုဒ်
c.	Chapter	VI	မှ	(၁) ပုဒ်
d.	Chapter	VII	မှ	(၁) ပုဒ်
	OR			
	Chapter	VIII	မှ	(၁) ပုဒ်
e.	Chapter	IX	မှ	(၁) ပုဒ်
	OR			
	Chapter	X	မှ	(၁) ပုဒ်

စာမျက်နှာ ၁၆ ကော်လံ ၁

4-2 (15).pmd 1 2/4/2009, 3:17 AM

စာမျက်နှာ ၁၅ မှ

f. Chapter XI မှ (၁) ပုဒ်
OR
Chapter XII မှ (၁) ပုဒ်

No. 3 မှာ answer all questions ဆိုပေမယ့် (OR) ခံထားတဲ့မေးခွန်းမျိုးများပါတော့ ကျောင်းသူကျောင်းသားများမှာ ရွေးချယ်ပိုင်ခွင့် ရှိသေးတယ်။

Grade 11 Biology ဖတ်စာအုပ်မှာ

Chapter I – IV ပါ အကြောင်းအရာများဟာ အပင်များရဲ့ အခြေခံအကြောင်းအရာများပဲ ဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်း No.3 မှာ အပင်ရဲ့ အခြေခံပိုင်းမှ (၁)ပုဒ်ရွေးချယ်ထားခြင်း ဖြစ်တယ်။

Chapter V မှာတော့ - နို့တိုက်သတ္တဝါ (mammal) များအကြောင်းကို အခြေခံရစေဖို့

- Mammals အုပ်စုများ
- Mammals များရဲ့ general characteristics များနဲ့
- The Rabbit ကို ပုံစံပြု သတ္တဝါအနေနဲ့ organ systems များနဲ့ ပြည့်စုံစွာ ဖော်ပြထားတာ တွေ့ရှိကြပါလိမ့်မယ်။ သတ္တဝါအခြေခံပိုင်း အခြေခံ (၁)ပုဒ် No. 3 question အမျိုးအစားမှာ မေးထားတယ်။

Chapter VI to XII ပါ အကြောင်းအရာများကတော့ အပင်နဲ့သတ္တဝါတွေရဲ့ အသက်ရှင်လုပ်ရပ်များ Life processes များကို ပုံစံပြုပူးတွဲဖော်ပြထားပါတယ်။

Chapter XI မှာ မျိုးရိုးဆက်ခံပုံကို ဖော်ပြထားတယ်။ ဒီ chapter XI မှာလည်း မျိုးရိုး ဆက်ခံခြင်းကို ဖြစ်ပေါ်စေတဲ့ genes များအကြောင်းကို နားလည်ထားမယ်ဆိုရင် Genetics မျိုးရိုးဆက်ခံခြင်းကို သဘောပေါက်နားလည်သွားနိုင်ပါတယ်။ Homozygous genotype နဲ့ Heterozygous genotype တို့မှ gametes များထွက်ပေါ်လာပုံ အခြေခံကို နားလည်ထားစေချင်ပါတယ်။

No. 4 (4 marks) မေးခွန်းကို ANSWER ANY FOUR questions အနေနဲ့ a to e (၅) ပုဒ် ပေးထားတာ မေးခွန်းဟောင်းများလေ့လာရင် တွေ့ရှိကြပါလိမ့်မယ်။ Chapter များအရ မေးထားတဲ့ မေးခွန်း ခွဲဝေမှုကတော့ -

No.4 a. Chapter I – IV မှ (၁) ပုဒ်
b. Chapter V မှ (၁) ပုဒ်
c. Chapter VI မှ (၁) ပုဒ်
OR
Chapter VII မှ (၁) ပုဒ်
d. Chapter VIII မှ (၁) ပုဒ်
OR
Chapter IX မှ (၁) ပုဒ်
e. Chapter X မှ (၁) ပုဒ်
OR
Chapter XI မှ (၁) ပုဒ်
OR
Chapter XII မှ (၁) ပုဒ်

Chapter များထဲမှ အခြေခံအပိုင်းကို ရွေးချယ်မှု မပေးထားပေမယ့် ကျန် Chapter များအတွက် ရွေးချယ်မှုပေးထားပါတယ်။

No. 5 Long questions (8 marks) သတ်မှတ်ထားတဲ့ အမျိုးအစား Answer ANY FOUR questions ဖော်ပြထားပြီး a to f (၆) ပုဒ် ပေးထားတာ မေးခွန်းဟောင်းလေ့လာသူများ တွေ့ကြပါလိမ့်မယ်။

မေးခွန်းမှာ Biology text ပါအကြောင်းအရာများကို ခွဲဝေပေးထားပုံကတော့ -

No.5 a. Chapter I – IV မှ (၁) ပုဒ်
b. Chapter V မှ (၁) ပုဒ်
c. Chapter VI မှ (၁) ပုဒ်
d. Chapter VII မှ (၁) ပုဒ်
OR
Chapter VIII မှ (၁) ပုဒ်
e. Chapter IX မှ (၁) ပုဒ်
OR
Chapter X မှ (၁) ပုဒ်
f. Chapter XI မှ (၁) ပုဒ်
OR
Chapter XII မှ (၁) ပုဒ် လို့ မေးထားတာ တွေ့ရှိပါလိမ့်မယ်။

No. 5 မေးခွန်းမှာလည်း (၆)ပုဒ်မှ (၄)ပုဒ် ရွေးချယ်နိုင်ရုံသာမက (OR) ခံထားတဲ့ မေးခွန်းတွေလည်း ပါတာကြောင့် ရွေးချယ်နိုင်ခွင့် ပိုများပါတယ်။

မေးခွန်းခွဲဝေပြီးတော့ ကျောင်းသူကျောင်းသားတစ်ယောက်ဟာ Chapter I to V ပဲကျက်မယ်ဆိုရင် မိမိအတွက်ရနိုင်မယ့်အမှတ်ကို ဖော်ပြမယ်။

No. 1	True False	(i–ix)	–	(9) marks
No. 2	Completion	(i–ix)	–	(9) marks
No. 3	Answer All questions (2 marks)	(a, b)	–	(4) marks
No. 4	Answer ANY FOUR questions (4 marks)	(a, b)	–	(8) marks
No. 5	Answer ANY FOUR questions (8 marks)	(a, b)	–	(16) marks
		Total		46 marks

Chapter I to VI အထိပဲ ကျက်ဖို့ရည်မှန်းထားတဲ့ ကျောင်းသူကျောင်းသားများ အဖို့ကတော့ -

No. 1	True False	(i–xi)	–	(11) marks
No. 2	Completion	(i–xi)	–	(11) marks
No. 3	Answer All questions (2 marks)	(a, b, c)	–	(6) marks
No. 4	Answer ANY FOUR questions (4 marks)	(a, b, c)	–	(12) marks
No. 5	Answer ANY FOUR questions (8 marks)	(a, b, c)	–	(24) marks
		Total		64 marks

Chapter I to VII အထိသာ ကျက်မှတ်ရန်ရည်မှန်းထားတဲ့ ကျောင်းသူကျောင်းသားများအဖို့ကတော့ -

No. 1	True False	(i – xii)	–	(12) marks
No. 2	Completion	(i – xii)	–	(12) marks
No. 3	Answer All questions (2 marks)	(a, b, c, d)	–	(8) marks
No. 4	Answer ANY FOUR questions (4 marks)	(a, b, c)	–	(12) marks
No. 5	Answer ANY FOUR questions (8 marks)	(a, b, c, d)	–	(32) marks
		Total		76 marks

ဒါကိုကြည့်ခြင်းအားဖြင့် သင်ရိုးကုန်ကျက်မှတ်ထားတဲ့ ကျောင်းသူကျောင်းသားများအတွက် မိမိဖြေချင်တာကို ရွေးချယ်နိုင်တဲ့အခွင့်အလမ်းလည်း ပိုများတာတွေ့ရပါလိမ့်မယ်။

အခုဆက်လက်ပြီး မေးခွန်းဖြေဆိုတဲ့အခါ ထိရောက်မှုရှိအောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာ အကြံပြုသွားပါ့မယ် -

No. 1. True or False and No 2. Completion မေးခွန်းမျိုးကိုဖြေတဲ့အခါ ပထမဆုံး အခုဖော်ပြတဲ့အတိုင်း အရင်အဖြေလွှာစာအုပ်ပေါ်တွင် ရေးထားလိုက်ပါ။

i. xi.
ii. xii.
iii. xiii.
iv. xiv.
v. xv.
vi. xvi.
vii. xvii.
viii. xviii.
ix. xix.
x. xx.

ဒီလိုရေးချပြီးမှ Statement များကို သေချာစွာဖတ်ရှုပြီး မိမိအနေနှင့်သေချာသော အဖြေများကို သက်ဆိုင်ရာ နံပါတ်နံဘေးတွင် ဖြေဆိုပါ။ မိမိအနေဖြင့် အဖြေကို ဇဝေဇဝါဖြစ်နေခဲ့ရင် ၎င်း Statement ကို ချန်ခဲ့ပြီး အချိန်ဖြုန်းမနေဘဲ အခြားမေးခွန်းများကို ဆက်လက်ဖြေဆိုပါ။ ဒီလိုဖြေဆိုပြီးမှ ချန်ထားခဲ့တဲ့ Statement ရဲ့ အဖြေကိုပြန်လည်စဉ်းစားပြီး မှန်ကန်အောင်ဖြေဆိုပါ။

No 3, 4 နှင့် 5 များမှာ (a,b,c,d,e,f) စသည်တို့ဖြင့်ပေးထားသော မေးခွန်းများဖြေဆိုတဲ့အခါ (a,b,c,d,e,f) အထဲမှ မိမိဖြေဆိုနိုင်ဆုံးဟာ (c) ဖြစ်နေခဲ့ရင် (c) ကိုအရင်ဆုံးစဖြေပါ။ အဖြေ၏ နံပါတ်ကို မှန်ကန်အောင်တော့ အထူးသတိထားတပ်ရန်လိုတယ်။ (c) ဖြေထားပြီး (a) မတပ်ပါနဲ့၊ ဒီလိုပဲ (a) ဖြေထားပြီးရင်လည်း (c) လို့မတပ်မိဖို့အရေးကြီးပါတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးဆိုရင် မိမိတကယ်တတ်ကျွမ်းတဲ့မေးခွန်းကို ရွေးချယ်ဖြေဆိုပါ။ မေးခွန်းရွေးမမှားစေဖို့ အထူးသတိပြုကြပါ။

မေးခွန်းတွေမေးထားပုံကို လေ့လာမယ်ဆိုရင် စာချည်းပဲဖြေရမယ့် မေးခွန်းတွေမှာ State / Define/ Explain / Describe / Clarify / Name / List / Enumerate နဲ့ Differentiate ဆိုတဲ့ စကားလုံးမျိုးတွေကိုသုံးပြီး မေးထားလေ့ရှိပါတယ်။

ပုံပေးထားပြီး အညွှန်းချည်းပဲ သီးသန့်တပ်ခိုင်းတဲ့မေးခွန်းမျိုးဆိုရင် Provide labels to the given diagram လို့မေးလေ့ရှိပြီး Provide labels to the given diagram and state ------- လို့မေးခဲ့ရင်တော့ ပုံကို label တပ်ပေးရမယ့်အပြင် state ဆိုတာနဲ့ပတ်သက်ပြီးတော့လည်း ဖော်ပြပေးရမှာဖြစ်ပါတယ်။ အညွှန်းတွေကို တပ်တဲ့အခါမှာလည်း ပုံမှာရှိတဲ့ အညွှန်းတပ်ခိုင်းတဲ့ နံပါတ်တွေနဲ့ တပ်ရမယ့်အညွှန်းစာသားတွေ ကိုက်ညီအောင် သတိပြုကြစေချင်ပါတယ်။

Give labeled diagram ဆိုရင်တော့ အညွှန်းပြည့်စုံတဲ့ပုံ ဆွဲပေးရပါမယ်။ and state လို့ ဆက်ပါခဲ့မယ်ဆိုရင်တော့ သက်ဆိုင်ရာ ဖော်ပြခိုင်းတာကို ဆက်လက်ဖြေဆိုရမှာ ဖြစ်ပါတယ်။

ဒီလိုဆိုရင် ကျောင်းသူကျောင်းသားတိုင်းဟာ Biology ဖြေဆိုကြတဲ့အခါ မိမိတို့ မျှော်မှန်းထားတဲ့ အတိုင်း ဂုဏ်ထူးအမှတ်များရပြီး အောင်မြင်သွားကြလိမ့်မယ်လို့ ပြောကြားရင်း ဒီကနေ့ပို့ချတဲ့ Biology သင်ခန်းစာ သိကောင်းစရာ ဟောပြောချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၃၉၈၁၆ ဟိုက်ဘတ် 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးနိုင် ၅/စကန(နိုင်) ၁၅၉၅၉၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ခရိုင်ရုံး) ကျောက်ဆည်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၇၄၅၄ Lonza m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်လက်ချီမီးဒေဝီ၉/မကန(နိုင်)၀၈၇၁၆၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မျော်အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၄၂၈၊ ဦးပိုင်အမှတ် ၉-က၊ ရွှေတချောင်းနှင့် သင်္ဂဇာချောင်းလမ်းကြား၊ ၄၃×၄၄လမ်းကြား၊ မောင်ဘဇ ပါ-၂အမည်ပေါက်ဘိုးဘပိုင်မြေကွက်ကို ဦးဝင်းသိန်း ပါ-၂ မှတ်ပုံတင်အမှတ် ၉/မရမ (နိုင်)၀၃၇၄၈၆က အမှုတွဲအမှတ် ၀၅၂၁၊ ဘ ပြောင်း၊ ၂၀၀၈-၂၀၀၉ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ယဲ့တာပိုသည် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

စာမျက်နှာ ၄ ကော်လံ ၅ ✳

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပက်ခ်စာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

စီးပွားရေးပိတ်ဆို့မှုသည် အလုပ်အကိုင်နှင့် လူ့အခွင့်အရေးကို ဆုံးရှုံးစေ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုကို ဟန့်တားရာ၊ လူသားချင်းစာနာမှု ကင်းရာရောက်

မြန်မာနိုင်ငံကို စီးပွားရေးဖွံ့ဖြိုးပြီး နိုင်ငံရေးတည်ငြိမ်စေချင်လျှင် စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပေးရန် ကုလသမဂ္ဂအနေဖြင့် ဦးစွာကြိုးပမ်းသင့်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari အား ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ●